# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၆)


## ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ကောဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်

# ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်ကြည်ညို ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၄**

ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ကောဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို၍ ဓမ္မစက္ကမုဒြာဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။



### တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ် ဆရာတော်၊ ရန်ကုန်တိုင်းဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်များ၊ ထေရဝါဒသြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော်များ စုစုပေါင်း ၄၅ ပါးကြွရောက်တော်မူကြပြီး **စာမျက်နှာ ၈ ကော်လံ ၁** ✡

စာမျက်နှာ ၈ ကော်လံ ၁

### အရုဏ်ဆွမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်အား အရုဏ်ဆွမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

### ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ဓမ္မစက္ကမုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

# အမျိုးသားရေးတာဝန် ကျေပွန်စွာသယ်ပိုးထမ်းဆောင်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ အသိပညာနှင့် စွမ်းဆောင်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်အဖြစ် အလျင်အမြန် ပေါ်ထွန်းလာမည်ဖြစ်သည်။

ထိုသို့သော လူ့စွမ်းအားအရင်းအမြစ်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိရာ နယ်ပယ်ကဏ္ဍအသီးသီး၌ အောင်မြင်မှုမှတ်တိုင်များ စိုက်ထူထားနိုင်ပြီဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နေချိန်တွင် အသင်းကြီး၌ပါဝင်လျက်ရှိသည့် မျိုးဆက်သစ်လူငယ်များ၏ တက်ကြွသော လုပ်ဆောင်မှု၊ တိုင်းရင်းသားပြည်သူများအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပါဝင်အောင် စည်းရုံးနိုင်မှု စသည့် လူမှုရေး၊ စီးပွားရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များ၌ ရှေ့ဆုံးမှ ဆောင်ရွက်နေမှုများကိုလည်း အထင်အရှား တွေ့မြင်နေရသည်။

ထို့အပြင် ပြည်ထောင်စုကြီး၏ ဂုဏ်အင်၊ အချုပ်အခြာအာဏာ၏တန်ဖိုး၊ ငြိမ်းချမ်းရေး၏အနှစ်သာရကို ကောင်းစွာသိမြင် သဘောပေါက်ပြီး ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည် တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်သွားရန်လည်း မျိုးဆက်သစ်လူငယ်များ စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်သည်။

အသင်းကြီးအနေဖြင့် ကျယ်ပြန့်သော အမျိုးသားအင်အားစုအဖြစ် ပြည်သူများနှင့်အတူ တစ်သားတည်းရှိပြီး အသင်းအဆင့်ဆင့် ဖွဲ့စည်းရေး၊ စည်းရုံးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ဖြင့် ဖြတ်သန်းခဲ့သည်မှာ ၁၃နှစ်ကာလတိုင်ခဲ့ပြီ ဖြစ်သကဲ့သို့ အသင်းဝင် ဦးရေမှာလည်း ၂၃သန်းကျော်ရှိနေပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မောင်မယ်များအနေဖြင့် တိုင်းပြည်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်သော စိတ်ဓာတ်၊ အချုပ်အခြာအာဏာကို အသက်ပေးကာကွယ်မည့် စိတ်ဓာတ်များမွေးမြူကာ အမျိုးသားရေးတာဝန်မှန်သမျှ ကျေပွန်စွာသယ်ပိုးထမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

### ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏

### ဆုံးမဩဝါဒ (၁)

သူများမျက်ရည်နှင့် ခြေမဆေးချင်နှင့်
သူများကို ဒုက္ခပေးပြီးမှ ရရှိမည့်ချမ်းသာမှုမျိုးကို လိုချင်သောသူသည်
ရန်သူနှင့် ဆက်ဆံနေရသကဲ့သို့ ရန်မှမလွတ်နိုင်ချေ။

ဓမ္မပဒ၊ ပကိဏ္ဏကဝဂ်
(သာသနာရေး)

## မြဝတီရုပ်မြင်သံကြား

၅-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝိသုဒ္ဓိခုနစ်ပါး (ရထားစီးဥပမာ)"**

**နေ့လယ်ပိုင်း**

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ဘဝခါးခါး"**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၆။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၈။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၃၀)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ English Premier League Tottenham Hotspur Vs Chelsea

# ကမ္ဘာ့အကြီးဆုံး မီဒီယာဈေးကွက်များတွင် အိန္ဒိယပါဝင်လာ

နယူးဒေလီ နိုဝင်ဘာ ၄

**အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင်အကြီးမားဆုံး မီဒီယာဈေးကွက်ကြီးဖြစ်လာကြောင်း အိန္ဒိယ သတင်းပြန်ကြားရေးနှင့် သတင်းထုတ်လွှင့်ရေးဝန်ကြီး ပရီယာရန်ဂျန်ဒက်မမ်စီက နယူးဒေလီမြို့၌ နိုဝင်ဘာ ၂ရက်က ပြောကြားသည်။**

အိန္ဒိယနိုင်ငံတွင် နှစ်စဉ်ဂြိုဟ်တု ရုပ်မြင်သံကြား ချန်နယ် ၃၄ခုမှ ၄၀ အထိတိုးလာပြီး ပုံနှိပ်ထုတ်ဝေသည့် မီဒီယာ မှာလည်း ၂၀၀၃ခုနှစ်က ၁၇၅သန်း ထုတ်ဝေခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ၂၂၂သန်းအထိထုတ်ဝေခဲ့ကြောင်း အဆိုပါဝန်ကြီး၏ ပြောကြားချက်ကို အင်ဒိုအာရှနယူးစ်ဆားဗစ်က ကိုးကား ဖော်ပြသည်။

မဂ္ဂဇင်းများသည် ပုံနှိပ်ထုတ်သည့် မီဒီယာတွင် အမြန်ဆုံးတိုးတက်လာပြီး အင်္ဂလိပ်လို ထုတ်ဝေသော မဂ္ဂဇင်း ၄၀၀၀ ရှိကြောင်း အိန္ဒိယမဂ္ဂဇင်း ကွန်ဖရင့်ကို နိုဝင်ဘာ ၂ ရက်က နယူးဒေလီ၌ ကျင်းပစဉ် ၎င်းဝန်ကြီးက ပြောကြားသည်။

### ဖြန့်ချိ

သတင်းစာ၊မဂ္ဂဇင်းကဲ့သို့ ပုံနှိပ်ထုတ်ဝေသော မီဒီယာများ အိန္ဒိယမြို့ကြီးများသို့ ဖြန့်ချိနိုင်မှုသည် လွန်ခဲ့သော သုံးနှစ်က ၄၈ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ကျေးလက်ဒေသများသို့ ဖြန့်ချိပေးနိုင်မှုမှာ ၁၇ရာခိုင်နှုန်းမှ ၁၉ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဒက်မွမ်စီက ပြောကြားသည်။

### ပြောကြား

အိန္ဒိယ ကျေးလက်ဒေသသို့ ရောက်ရှိသည့် သတင်းစာနှင့်မဂ္ဂဇင်း အရေအတွက်သည် မြို့ပြဒေသများသို့ ရောက်ရှိသည့် အရေအတွက်နှင့် တူညီကြောင်းလည်း ၎င်းကပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ ၂၀၀၅ခုနှစ်က စာဖတ်သူအရေအတွက် တစ်နိုင်ငံလုံး၌ သန်း ၂၀၀ရှိရာတွင် ၉၈ သန်းမှာ ကျေးလက်ဒေသမှ ဖြစ်သည်ဟုဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ဘားအံမြို့နယ်အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ် စုပေါင်းဘုံကထိန်၊ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြရတနာကျောင်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဆန်း(ငြိမ်း)က ခြောက်ဘာသာ ဂုဏ်ထူးရှင် နန်းမြစန္ဒာထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

# နိုင်ငံတကာ သစ်သီးဝလံပန်းမန်ပြပွဲ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ဖွင့်လှစ်

**ချင်းမိုင် နိုဝင်ဘာ ၄**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့ အပန်းဖြေစခန်း၌ နိုဝင်ဘာ၁ရက်က နိုင်ငံတကာသစ်သီးဝလံ ပန်းမန်ပို့ကုန်ပြပွဲကိုဖွင့်လှစ်ခဲ့ပြီး ပြပွဲကို လာမည့်နှစ် ဇန်နဝါရီ ၃၁ ရက်အထိ သုံးလကြာ ပြသသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းဖော်ပြသည်။

ယင်းပြပွဲကို နိုင်ငံတကာသစ်သီးဝလံ ပန်းမန်အသင်းက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ လာရောက်ကြည့်ရှုသူ နှစ်သန်းကျော် လာရောက်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ ပြပွဲမဖွင့်မီကပင် လက်မှတ်ယူထားသူလူ ၇၀၀၀၀၀ ရှိပြီး အများစုမှာ ထိုင်းလူမျိုးများဖြစ်ကြောင်း ပြပွဲတာဝန်ရှိသူများက ဆင်ဟွာသို့ ပြောကြားသည်။

### မြှင့်တင်ရေး

အဆိုပါသစ်သီးဝလံပန်းမန်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းဝန်ကြီးချုပ် စုရာယုဒ်ချူလာနွန်က သဘာပတိ အဖြစ် ဆောင်ရွက်ရာ ၎င်းက ယခု ပို့ကုန်ပြပွဲသည် သစ်သီးဝလံပန်းမန် နည်းပညာများ နိုင်ငံတကာနှင့်ဖလှယ်မှု ကျယ်ပြန့်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးစီးပွား မြှင့်တင်ရေးဗဟုသုတများလည်း တိုးပွားရယူနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပြပွဲကို ချင်းမိုင်မြို့ပြင်ရှိ တော်ဝင်စိုက်ပျိုးရေး ဗဟိုသုတေသန၌ ခင်းကျင်းပြသခြင်းဖြစ်ပြီး အကျယ်အဝန်းအားဖြင့် ဟက်တာ၈၀ရှိသည်။ ၎င်းပြပွဲ၌ မျိုးစိတ်ပေါင်း ၂၂၀၀ ပြသမည်ဖြစ်ပြီး သစ်ပင်နှင့်ပန်းမန်ပေါင်း ၂၅၀၀၀၀၀ ပြသထားကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



## တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံအပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ အွန်ကင်ယွန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တတိယအကြိမ် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တတိယအကြိမ် တရုတ်–အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် China Council for the Promotion of International Trade ဥက္ကဋ္ဌ Mr.Wan Jifei က အဖွင့်အမှာစကားပြောကြားသည်။

### နှုတ်ခွန်းဆက်စကား

ဆက်လက်၍ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး Mr. Liu Qibao က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂလ်အာရိုယိုက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### မျှော်မှန်းထား

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် တတိယအကြိမ် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ပြန်လည်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယခုထိပ်သီးအစည်းအဝေးသည် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းတို့၌ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို တိုးတက်စေခဲ့သည့်အတွက် များစွာစိတ်ကျေနပ်မှုဖြစ်ရကြောင်း၊ အာဆီယံနှင့်တရုတ်ကုန်သွယ်ရေးကို လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာဘီလီယံ၂၀၀အထိ တိုးတက်လာအောင် မျှော်မှန်းထားကြကြောင်း။

သို့သော် ကုန်သွယ်မှုပမာဏသည် ယခုနှစ်တွင်ပင် အမေရိကန်ဒေါ်လာဘီလီယံ၁၅၀ကျော်တော့မည်ဖြစ်ကြောင်း၊ အနာဂတ်မျှော်မှန်းချက်ကလည်း အလားအလာကောင်းများကို ဖော်ပြနေကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ဂဏန်းနှစ်လုံးတိုးတက်မှုအဖြစ် ၁၀ဒသမ၅ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း။

### တိုးတက်မှု

အာဆီယံ နိုင်ငံများအနေဖြင့်လည်း ယခုနှစ်တွင် ၅ဒသမ၄ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် တိုးတက်မှု ကျယ်ကျယ်ပြန့်ပြန့်ရရှိခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သည့် နေရာအဖြစ် ဆက်လက်တည်ရှိနေကြောင်း။

အများသိကြသည့်အတိုင်း တည်ငြိမ်၊ကြွယ်ဝပြီး ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် အာဆီယံစီးပွားရေးဒေသကို ခရစ်နှစ် ၂၀၂၀တွင် ဖြစ်မြောက်အောင် ထူထောင်လျက်ရှိကြောင်း၊ ဤအသိုက်အဝန်း၌ ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ လွတ်လပ်စွာစီးဆင်းမှုရှိမည်ဖြစ်ပြီး မတည်အရင်းအနှီးများ ပိုမိုလွတ်လပ်စွာ စီးဆင်းမှုရှိခြင်း၊ မျှတသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိခြင်း၊ စီးပွားရေးနှင့် လူမှုရေးကွာဟမှုများနှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချခြင်းတို့ ၂၀၂၀ ပြည့်နှစ်မှာ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း။

### အပြန်အလှန်အကျိုးပြုမည်

တရုတ်နိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်မှုဖြစ်စဉ်တွင် ဆက်လက်ထောက်ခံ ပံ့ပိုးလျက်ရှိသည့်အတွက် များစွာအသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း၊ ပိုမိုပေါင်းစည်းမှုရှိလာသည့် အာဆီယံအနေဖြင့် ဒေသအတွင်းတွင် စီးပွားရေးအရ တွန်းအားပေးနိုင်သည့်ဒေသဖြစ်လာမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုမည်ဖြစ်ကြောင်း။

ယနေ့ မိမိအနေဖြင့် ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေခြင်းနှင့် အလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်းဘာသာရပ်နှင့်ပတ်သက်ပြီး ဆွေးနွေးလိုကြောင်း၊ အာဆီယံနှင့်တရုတ်နိုင်ငံအကြားတွင် ၂၀၀၂ခုနှစ် နိုဝင်ဘာလက အလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူညီချက်လက်မှတ်ရေးထိုးပြီးချိန်မှစ၍ အာဆီယံနှင့်တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုနက်ရှိုင်းကျယ်ပြန့်လာကြောင်း။

### များစွာအားရ

အာဆီယံ–တရုတ် လွတ်လပ်စွာကုန်သွယ်မှုဇရိယာ ထူထောင်ရေးတွင် လက်ရှိ စေ့စပ်ဆွေးနွေးမှုများတိုးတက်မှုရှိနေသည့်အတွက် များစွာအားရမိကြောင်း၊ အာဆီယံနှင့် တရုတ်တို့အနေဖြင့် အကောက်ခွန်လျှော့ချရေးဖြစ်စဉ်ကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိသည်ကိုသိရသည့်အတွက် များစွာ ဝမ်းမြောက်မိကြောင်း၊ အာဆီယံပို့ကုန်များအတွက် တရုတ်နိုင်ငံ၏ပျမ်းမျှ အကောက်ခွန်နှုန်းသည် လွန်ခဲ့သည့်နှစ်က ၉ဒသမ၉ရာခိုင်နှုန်းကနေ ၈ဒသမ ၁ရာခိုင်နှုန်းကို ကျဆင်းခဲ့ပြီး ၂၀၀၇ခုနှစ်တွင် ၆ဒသမ၆ရာခိုင်နှုန်းကိုကျဆင်းမည်ဟု သိရသည့်အတွက် များစွာအားရမိကြောင်း၊ အကောက်ခွန်လျှော့ချရေးအစီအစဉ်သည် သတ်မှတ်ထားသည့် ၂၀၁၀ပြည့်နှစ်၏ ရည်မှန်းချက်ကို ပြည့်မီလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ယင်းအခါတွင် အာဆီယံနိုင်ငံများ၏ပို့ကုန် ၉၃ ရာခိုင်နှုန်းသည် အကောက်ခွန်ကင်းလွတ်မည်ဖြစ်ကြောင်း။

အာဆီယံနှင့်တရုတ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးတွင် နှစ်ဦးနှစ်ဖက်စလုံးအကျိုးရှိစေရန် ကုန်သွယ်မှုဆိုင်ရာအထောက်အကူပြုမှု၊ စျေးကွက်သို့ ဝင်ရောက်ရောင်းချနိုင်ခွင့်နှင့် အကောက်ခွန်မဟုတ်သည့် အတားအဆီးများဖယ်ရှားမှုကိုလည်း မိမိတို့အနေဖြင့် ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### အလားအလာများစွာရှိ

တရုတ်စီးပွားရေးလုပ်ငန်းများကို ပြည်ပနှင့်အာဆီယံနိုင်ငံများ၌ မြှုပ်နှံရန် တရုတ်နိုင်ငံ၏ကမ္ဘာလွှမ်းစေရမည်ဆိုသည့်မူဝါဒကို မိမိတို့ကြိုဆိုကြောင်း၊ ကုန်သွယ်မှုပိုငွေကြီးမားစွာရှိပြီး နိုင်ငံခြားအရန်ငွေ ယခုနှစ်တွင် တစ်ထရီလီယံကျော်မည်ဟုသိရသည့်တရုတ်နိုင်ငံအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုအလားအလာများစွာရှိသည်ဟု မိမိအနေဖြင့်မြင်ကြောင်း၊ (၁၁)ကြိမ်မြောက် ငါးနှစ်စီမံကိန်းအတွင်း တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ၆၀ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံသွားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ဤရင်းနှီးမြှုပ်နှံမှု၏အချိုးအစားတော်တော်များများကို အာဆီယံနိုင်ငံများ၊ အထူးသဖြင့် CLMV နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံသွားနိုင်မည်ဟု မျှော်လင့်ကြောင်း။

လွန်ခဲ့သောနှစ်က ကွာလာလမ်ပူမြို့၌ကျင်းပသော (၉)ကြိမ်မြောက် အာဆီယံ–တရုတ်ထိပ်သီးအစည်းအဝေးတွင် လက်ရှိဦးစားပေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍငါးခုဖြစ်သော စိုက်ပျိုးရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် မဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုးရေးကဏ္ဍတို့အပြင် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ယဉ်ကျေးမှု၊ လူထုကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကဏ္ဍတို့ကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန် အတည်ပြုပေးခဲ့ကြောင်း။

### မီးမောင်းထိုးပြ

မိမိတို့အနေဖြင့် ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ဆောင်ရွက်ရန် ကြိုးစားသကဲ့သို့ တချို့သောကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းအောင် ဆောင်ရွက်သွားနိုင်မည်ဆိုသည်ကို မီးမောင်းထိုးပြလိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် အာဆီယံနိုင်ငံအများစု၏ အဓိကကဏ္ဍဖြစ်ကြောင်း၊ မိမိအနေဖြင့် အာဆီယံ–တရုတ် စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုတွင် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သရုပ်ပြခြင်း၊ ကုန်သွယ်မြှင့်တင်ရေးလုပ်ငန်းစီမံကိန်းများ အပါအဝင် အာဆီယံ–တရုတ် စိုက်ပျိုးရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ဆောင်ရွက်သည်ကို မြင်တွေ့လိုကြောင်း။

### အရှိန်အဟုန်ဆက်လက်ထိန်းသိမ်း

မိမိတို့၏ စီးပွားရေးစနစ်များအနေဖြင့် မကြာသေးမီနှစ်များအတွင်း တိုးတက်မှုပိုမိုမြင့်မားလာခဲ့ကြသကဲ့သို့ စီးပွားရေးတိုးတက်လာမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ကြောင်း။

အနာဂတ်စွမ်းအင်လုံခြုံမှုကိုလည်း အလေးထားစဉ်းစားရန် လိုအပ်ကြောင်း၊ စွမ်းအင်လုံခြုံမှု အထူးသဖြင့် အစားထိုးလောင်စာနှင့် ပြန်လည်အသုံးပြုနိုင်မည့် စွမ်းအင်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို တိုးချဲ့ရှာဖွေခြင်းနှင့် စွမ်းအင်ချွေတာမှုနှင့် စွမ်းအင်စွမ်းရည် ပြည့်ဝမှုမြှင့်တင်ခြင်းတို့ကို ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ အာဆီယံ–တရုတ် စွမ်းအင်ယန္တရား ထူထောင်ရန် တရုတ်နိုင်ငံအနေဖြင့် လေ့လာမှုများ စတင်ဆောင်ရွက်နေခြင်းအတွက် ဝမ်းမြောက်မိကြောင်း။

### တိုးတက်ရွေးချယ်လာကြ

အာဆီယံနိုင်ငံများရှိ ပြည်သူများသည် တရုတ်နိုင်ငံကို ကမ္ဘာလှည့်ခရီးသွားလာရာနေရာအဖြစ် တိုးတက်ရွေးချယ်လာကြပြီး ၂၀၀၄ခုနှစ် အာဆီယံနိုင်ငံများမှ တရုတ်နိုင်ငံသို့လာရောက်သည့် ခရီးသည်ပေါင်း ၃ဒသမ၇၄သန်းအထိ ရှိခဲ့ကြောင်း။

ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းသည် စီးပွားရေးအားဖြင့် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်သာမက နိုင်ငံသားများ အချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးတက်စေပြီး တစ်ဦး၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို တစ်ဦးက ပိုမိုသိရှိနားလည်စေကြောင်း၊ သို့ဖြစ်၍ ခရီးသွားလုပ်ငန်းကို မိမိတို့ တိုးမြှင့်သင့်ကြောင်း၊ မိမိတို့အနေဖြင့် အပြန်အလှန်ဗီဇာ ကင်းလွတ်ခွင့်၊ ညီအစ်မမြို့တော်များထူထောင်ခြင်း၊ အာဆီယံ–တရုတ်ခရီးသွားနှစ် သတ်မှတ်ခြင်းနှင့် လေကြောင်းလိုင်းများ လွတ်လပ်စွာပျံသန်းခွင့်(Open Skies)မူဝါဒများကို အလေးအနက်ထား စဉ်းစားသင့်ကြောင်း။

### ဆက်သွယ်မှုလွယ်ကူ

နည်းပညာကွာဟမှုသည် ကြီးမားနေဆဲဖြစ်သည်ကို သတိပြုမိကြောင်း၊ ယင်းကွာဟမှုလျော့ပါးစေရန် ဖြစ်နိုင်သည့်နည်းလမ်းက အဆက်အသွယ်များကို တိုးတက်စေခြင်း၊ ဆက်သွယ်ရန်လွယ်ကူစေခြင်းနှင့် စျေးနှုန်းသက်သာခြင်းတို့ဖြစ်ကြောင်း၊ ဤသည်နှင့်ပတ်သက်၍ အာဆီယံ–တရုတ်သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အမြန်လမ်းမကြီးတည်ဆောက်ရန် တရုတ်နိုင်ငံ၏ အဆိုပြုချက်ကို ကြိုဆိုကြောင်း၊ မဟာမဲခေါင်ဒေသခွဲ (GMS)သတင်းအချက်အလက်ဆိုင်ရာ အမြန်လမ်းမကြီး ဆောလျင်စွာ ဖြစ်ပေါ်လာစေရေးကိုလည်း မျှော်လင့်လျက်ရှိကြောင်း။

ဆက်စပ်ယှက်နွယ်မှုများဖြင့် တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးနှင့် ၂၁ရာစုခေတ်တွင် ဗဟုသုတနှင့်ပညာရေးတို့သည် ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှုနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့အတွက် အရေးပါသည့် စွမ်းအားစုဖြစ်ကြောင်း၊ ထို့ကြောင့်လည်း လာမည့်သုံးနှစ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများက လူသုံးသောင်းကို လေ့ကျင့်ပျိုးထောင်ပေးမည်ဆိုသည့် တရုတ်နိုင်ငံသမ္မတ၏ ပြောကြားချက်ကို ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုကြောင်း။

### လိုက်လျောညီထွေ

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း အလေးပေးရန်ပြောကြားလိုကြောင်း၊ ယခုခေတ်ကမ္ဘာကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် SMEများ၏ အခန်းသည် အရေးပါကြောင်းကို မိမိတို့အသိအမှတ်ပြုထားကြပြီးဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ လုပ်ငန်းအများစုသည် အမှန်တကယ်ဆိုလျှင် SME များဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံနိုင်ငံများ၏ SME များသည် ယခုခေတ်ကမ္ဘာကြီးနှင့် လိုက်လျောညီထွေဖြစ်အောင် ယင်းတို့ကိုယ်တိုင် ပြုပြင်ပြောင်းလဲပြီး ခေတ်မီအောင်ပြုလုပ်သင့်ကြောင်း။

SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒဆွေးနွေးပွဲများ၊ သတင်းအချက်အလက်ဖလှယ်ရေး၊ သင်တန်းပို့ချရေးနှင့်လေ့လာရေးအစီအစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိမှုအပေါ် ဝမ်းမြောက်မိကြောင်း၊ SMEများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ယင်းကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများကို မျှော်လင့်မိကြောင်း။

စီးပွားရေးနယ်ပယ်၏ ပြင်ပက အခြားအရေးပါသော ကဏ္ဍတစ်ရပ်မှာ ပြည်သူလူထုကျန်းမာရေးပင်ဖြစ်ကြောင်း၊ ကြက်ငှက်မွေးမြူရေး၏ ၇၀ရာခိုင်နှုန်းကို အိမ်မွေးတိရစ္ဆာန်နှင့် လူတို့နီးကပ်စွာ နေထိုင်လေ့ရှိသည့် လုပ်ငန်းငယ်များက ဆောင်ရွက်နေသဖြင့် ဝင်ငွေနည်း တောင်သူလယ်သမားများတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု၏ စီးပွားရေးနှင့် ကျန်းမာရေးအကျိုးသက်ရောက်မှုများ ဒဏ်ကို အခံရဆုံးဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်

ထို့ကြောင့် ကြက်ငှက်တုပ်ကွေး ရောဂါဆေးနှင့် အခြားကူးစက်ရောဂါဆေးဝါးများ သိုလှောင်ရေး၊ ဒေသဆိုင်ရာကွန်ရက်အပါအဝင် ကြက်ငှက်ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သင့်ကြောင်း၊ ပထမဆုံးအကြိမ် အာဆီယံ–တရုတ် ကူးစက်ရောဂါသစ်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ၂၀၀၆ခုနှစ် ဇွန်လက ကျင်းပနိုင်ခဲ့သည့်အတွက်လည်း များစွာဝမ်းမြောက်မိကြောင်း၊ ဤအစည်းအဝေးကျင်းပခြင်းသည် ပြည်သူ့ကျန်းမာရေးကဏ္ဍအထူးသဖြင့် အသစ်ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများ ကိစ္စတွင် ပူးပေါင်းဆောင်ရွက်သွားလိုသည့် သန္နိဋ္ဌာန်ရှိမှုကို ပြသလျက်ရှိကြောင်း။

ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာစေခြင်းနှင့် အလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

### ဖန်တီးပေးနိုင်

ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှုကို မခိုင်မာစေဘဲ ဆောင်ရွက်၍မရကြောင်း၊ ယခု ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးထိပ်သီး အစည်းအဝေးနှင့် အာဆီယံ–တရုတ်ကုန်စည်ပြပွဲများသည် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် အကောင်းဆုံးဥပမာများ ဖြစ်ကြကြောင်း၊ ဤထိပ်သီးအစည်းအဝေးသည် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ထိတွေ့မှု၏ အခြေခံကောင်းများကို ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဤထိပ်သီး အစည်းအဝေး၏ ကုန်စည်ပြပွဲအပေါ်၌ များစွာအလေးထားပြီး ယင်းတို့၏ အောင်မြင်မှုအတွက် ဆက်လက်ထောက်ခံပံ့ပိုးသွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**

5-11 (03) 1 11/5/06, 2:43 PM

❑ ကျောဖုံးမှ

နှစ်နိုင်ငံလုံးသည် မိမိတို့ပြည်တွင်း၌ တိုးတက်ဖြစ်ထွန်းမှုများ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အာဆီယံအသိုင်းအဝိုင်းနှင့်တကွ ဆွေးနွေးဖက်နိုင်ငံများနှင့်ပါ စီးပွားရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နေကြကြောင်း။

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအစဉ်အလာကောင်းများရှိထားပြီးဖြစ်သည်နှင့်အညီ နယ်စပ်ကုန်သွယ်ရေး၊ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးတို့ အပါအဝင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ပြီး နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းစေရအောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

**အောင်မြင်ဖြစ်ထွန်း**

နှစ်နိုင်ငံလုံးအနေဖြင့် မိမိတို့ ပြည်တွင်းအရေးအရာများကို ညင်သာချောမွေ့စွာတိုးတက်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရင်း နိုင်ငံတော်သစ်အတွက် အခြေခံဥပဒေဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပလျက်ရှိကြောင်း။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းရန် လုပ်ဆောင်လာသည့်ကိစ္စတွင် ထိုင်းနိုင်ငံအနေဖြင့် အာဆီယံ၏မူအတိုင်း ရပ်တည်ပေးခဲ့သဖြင့် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

**သဘောမတူ**

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီးစုရာယုဒ်ချူလာနွန်က မြန်မာနိုင်ငံကိစ္စ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းသည်ကို ထိုင်းနိုင်ငံက သဘောမတူပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာကို အန္တရာယ်ပေးမည့်နိုင်ငံမဟုတ်ကြောင်း၊ မိမိတို့ပြည်တွင်းရေးကို မိမိတို့ဘာသာဖြေရှင်းရမည်ဟု ခံယူထားသည်မှာ ထိုင်းနိုင်ငံ၏ မူဝါဒပင်ဖြစ်ကြောင်း။

မြန်မာ-ထိုင်း နှစ်နိုင်ငံသဘောတူ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးတွင် ဘိန်းအစားထိုး ဝင်ငွေရရှိရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ ဆက်သွယ်သည့်လမ်းများ ဖောက်လုပ်နေမှုကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ထိုင်းနိုင်ငံဝန်ကြီးချုပ် အငြိမ်းစား ဗိုလ်ချုပ်ကြီး စုရာယုဒ်ချူလာနွန် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာအမှတ်(၈)တွင် လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ရှွီရုံခိုင် ဂါရဝပြုတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ရှွီရုံခိုင်သည် အောက်တိုဘာ ၂၉ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာအမှတ်(၈)သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံ နှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေးတို့ တက်ရောက်ကြပြီး ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ရှွီရုံခိုင်နှင့်အတူ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးမစ္စတာလီဂျီဟန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့၏ ကဏ္ဍပေါင်းစုံတွင် နှစ်ကာလရှည်ကြာစွာ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ နယ်စပ်ဖြတ်ကျော် ပုံမှန် ကုန်သွယ်မှုလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်လာမှုများ၊ အိန္ဒိယ- မြန်မာ-တရုတ် ကုန်သွယ်မှုလမ်းကြောင်း၏ အလားအလာကောင်းများ၊ မူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်ဖက်ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# မြန်မာ-ကိုရီးယား သစ်တောရေးရာပူးပေါင်းဆောင်ရွက်ရေးစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၄**

မြန်မာ-ကိုရီးယား သစ်တောရေးရာအပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီ Myanmar- Korea Forestry Co Operative Committee ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

**တွေ့ဆုံနှုတ်ဆက်**

အစည်းအဝေးတက်ရောက်ရန်ရောက်ရှိလာသော ကိုရီးယားသမ္မတနိုင်ငံ Korea Forest Service စီမံကိန်းနှင့် ပြည်သူ့ဆက်ဆံရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် Mr. Nam Sung- Hyun ဦးဆောင်သော အဖွဲ့ဝင်ငါးဦးသည် ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်ပြီး သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ကိုရီးယားအဖွဲ့တို့သည် သစ်တောဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဖလှယ်ရေးကိစ္စရပ်များ၊ မြန်မာ့သစ်အခြေခံစက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအလားအလာဆိုင်ရာ ကိစ္စရပ်များနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးကိစ္စရပ်များ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထို့နောက် ဆွေးနွေးချက်မှတ်တမ်းကို နှစ်ဖက်ညွှန်ကြားရေးမှူးချုပ်များက လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကော့ကရိတ်မြို့နယ် မင်းရွာစံပြကျေးရွာ အလက မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ကော့ကရိတ်မြို့နယ် အလကမင်းရွာ၏ (၂၅)နှစ်ပြည့် ငွေရတုသဘင် အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ၂၃ရက်တွင် ကျင်းပမည်ဖြစ်ရာ ယခင် အမက(မင်းရွာ)၏ ၁၉၅၄ခုနှစ်မှ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ၁၉၈၁ခုနှစ် အလကကျောင်းဖြစ်မြောက်ပြီးမှ ၂၀၀၆ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆရာ ဆရာမများ အပူဇော်ခံ ကြွရောက်နိုင်ရန်နှင့် ကျောင်းသား ကျောင်းသူဟောင်း/သစ်များ၊ အလှူရှင်များ ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူငွေ ထည့်ဝင်လိုပါက ဦးမင်းအေးဖေ ဖုန်း-၀၉-၅၁-၁၂၁၅၄ (ရန်ကုန်-မန္တလေး)၊ မိညွှန့်တင် ဖုန်း-၀၅၇-၂၁၃၈၅ (မော်လမြိုင်)နှင့် ဦးမင်းငွေထွန်း ဖုန်း ၀၉-၅၃၂၁၂၀၈ (မင်းရွာ-ကော့ကရိတ်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)



## လာရောက်တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်း လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် နိုဝင်ဘာ ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်းအား အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီတွင် နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ် (၁၀)၌ လက်ခံတွေ့ဆုံနှုတ်ဆက်သည်။**

### တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်းနှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူးများဖြစ်ကြသည့် မစ္စတာဂေါ်ရှန်ခွမ်၊ မစ္စတာ ကျန်းဝမ်ရှယ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်းက အလုပ်တာဝန်များ များပြားသည့်ကြားမှ ယခုကဲ့သို့ နန်နင်းသို့လာရောက်ခြင်း အတွက်လည်းကောင်း၊ သုံးနှစ်ဆက်တိုက် လာရောက်ချီးမြှင့်ခြင်းအတွက် လည်းကောင်း များစွာဝမ်းမြောက်ဂုဏ်ယူရပါကြောင်း။

### ရှင်းလင်းတင်ပြ

တရုတ်–အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခိုက် အခွင့်အခါကောင်းတွင် တရုတ်– မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးကဏ္ဍမြှင့်တင်ရေးတို့ကို ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်– အာဆီယံကုန်စည်ပြပွဲ စီးပွားရေးထိပ်သီးအစည်းအဝေးကို သုံးနှစ်ဆက်တိုက် အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် ကွမ်ရှီးပြည်နယ်နှင့် အာဆီယံနိုင်ငံများအတွက်သာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တစ်ခုလုံးနှင့် အာဆီယံတို့အကြား ကဏ္ဍအသီးသီးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများအပေါ် များစွာအထောက်အကူပြုသွားမည် ဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်

ယခုအကြိမ် လာရောက်ရာတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များလည်း လိုက်ပါလာရာ ယမန်နှစ်နည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်ဖက်အကျိုးတူစာချုပ်များ ချုပ်ဆိုနိုင်မည် ဖြစ်ကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်း လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ်တွင် မြန်မာ–တရုတ် ကုန်သွယ်မှုကို တစ်ဘီလီယံဖြစ်ရန် လျာထားခဲ့ကြောင်း၊ ယခုအခါ ၁ဒသမ ၅ဘီလီယံအထိ တိုးတက်အောင် မိမိတို့ကြိုးပမ်းနေကြောင်းဖြင့် ပြောကြားသည်။

### အားပေးဆောင်ရွက်

ထို့နောက် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအုပ်ချုပ်ရေးမှူး မစ္စတာလုဘင်းက နန်နင်း၌ စီးပွားရေးဇုန်တည်ဆောက်နေပါကြောင်း၊ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ကလည်း မိမိတို့၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်လာရေး အတွက် အလေးထားအားပေးနေပါကြောင်း၊ ဆွေမျိုးပေါက်ဖော်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်– အာဆီယံ ကုန်သွယ်မှုပိုမိုချောမွေ့ကောင်းမွန်ရေးအတွက် အားပေးဆောင်ရွက်သွားရန် မေတ္တာရပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

### တည်ခင်းဧည့်ခံ

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်းက ဧည့်ရိပ်သာ အမှတ် (၁၀)၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# စွယ်တော်မြတ်စေတီတော်(ရန်ကုန်) အဌမအကြိမ်ဆည်းဆာတရားပွဲများကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ အဌမအကြိမ် ဆည်းဆာတရားပွဲများကို နိုင်ငံတော်ဓမ္မကထိက ဆရာတော်များက ဓမ္မပူဇာအဖြစ် နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်တိုင်တိုင် ည ၇ နာရီတွင် စွယ်တော်မြတ်စေတီတော် (ရန်ကုန်) အရှေ့ရင်ပြင်တော်ပေါ်၌ ဟောကြားကြမည်ဖြစ်ရာ နိုဝင်ဘာ၆ရက်တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းစာသင်တိုက်ဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသကလည်းကောင်း၊ ၇ရက်တွင် မရမ်းကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဌဆရာတော်(သုဓမ္မာ) ကန်ဦးဇေတဝန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသာမီဘိဝံသကလည်းကောင်း၊ ၈ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ သ–စ–အ ပါဠိပါရဂူ အဂ္ဂမဟာအကျော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ကလည်းကောင်း၊ ၉ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) သီရိမင်္ဂလာ မဟာစည်ရိပ်သာ ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာစည်နယ်လှည့်ဓမ္မကထိက အရှင်ဣန္ဒက (တွံတေးဆရာတော်)ကလည်းကောင်း၊ ၁၀ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယနာယကချုပ်(သင်ကြား) ကထိကဆရာတော် ဒေါက်တာကုမာရာဘိဝံသကလည်းကောင်း ဟောကြားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိသားစုဘုံကထိန်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဒသမအကြိမ်မြောက် မိသားစုဘုံကထိန်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဓမ္မာရုံ၌ကျင်းပရာ မဟာဂန္ဓာရီဆရာတော် အရှင်ပဏ္ဍဝနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး ဒေါ်သီတာဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ၏ ပရိတ်တရားတော်များကို နာယူကြသည်။

### ရေစက်ချအမျှပေး

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း နှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ ဒုတိယဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး ပရိသတ်တို့က မဟာဂန္ဓာရီဆရာတော်ထံမှ သာဓုအနုမောဒနာတရား နာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

### စုပေါင်းလှူဒါန်း

ယင်းနောက် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဌာနအသီးသီးက ပဒေသာပင်များကို စုပေါင်းလှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အထက(၂)တာမွေ အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

အထက(၂)တာမွေမှ အငြိမ်းစား ဆရာ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းတွင် နိုဝင်ဘာ ၁၄ရက် (အင်္ဂါနေ့) (အမျိုးသားနေ့)၌ ကျင်းပမည်ဖြစ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် ဖုန်း–၅၄၂၃၁၇၊ ဦးလှသောင်းဦး ဖုန်း–၀၉–၅၀–၁၀၄၀၀၊ ဦးကိုကို ဖုန်း–၀၉–၅၁–၇၁၁၀၁၊ ဒေါ်နီနီစိုး ဖုန်း–၅၄၀၇၃၈၊ ဒေါ်တင်မြင့်ဝင်း ဖုန်း–၅၄၄၉၄၃နှင့် ကိုအာကာထွန်း ဖုန်း–၅၄၀၆၅၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ဆရာ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

## တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲတက်ရောက် မြန်မာနိုင်ငံ အမျိုးသားပြခန်းကို ကြည့်ရှုအားပေး

**တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် မိန့်ခွန်းပြောကြားစဉ်။**
(သတင်းစဉ်)





နေပြည်တော် နိုဝင်ဘာ ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အောက်တိုဘာ ၃၁ ရက် နံနက် ၉နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ Nanning International Conference and Exhibition Centre ၌ ကျင်းပသည့် တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

### တက်ရောက်

တတိယအကြိမ်တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံ အပါအဝင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာအွန်ကင်ယွန်နှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘိုရှီလိုင်က တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

### အဖွင့်အမှာစကားပြောကြား

ထို့နောက် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂလ်အာရိုယိုက မိန့်ခွန်းပြောကြားသည်။

### မိန့်ခွန်းပြောကြား

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က မိန့်ခွန်း ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မိန့်ခွန်းပြောကြားအပြီးတွင် မီးရှူး မီးပန်းများ ဖောက်၍ တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ဂုဏ်ပြုသည်။

### ကောက်နုတ်ပြသ

ဆက်လက်၍ တရုတ်နှင့် အာဆီယံ နိုင်ငံများ၏ မှတ်တမ်း ဓာတ်ပုံများ၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲနှင့် ပြပွဲကျင်းပခဲ့သည့် မှတ်တမ်းများကို ဗီဒီယိုဖြင့် ကောက်နုတ်ပြသသည်။

ထို့နောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘိုရှီလိုင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွန်မြူနစ်ပါတီ ကော်မတီ အတွင်းရေးမှူး Mr. Liu Qibao နှင့် အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာအွန်ကင်ယွန်တို့က ဖွင့်ပွဲအစီအစဉ်ကျင်းပနိုင်ရန် စင်မြင့်ကို စက်ခလုတ်ဆွဲ၍ မြှင့်တင်ပေးကြသည်။

### စိုက်ထူဖွင့်လှစ်

ယင်းနောက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ပုလဲပုံသဏ္ဌာန်ပါ ငွေရောင်ကန်တော့များကို စင်မြင့်ပေါ်၌ စိုက်ထူပေးကာ တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားမကျင်းပမီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် Nanning International Conference and Exhibition Centre ဒုတိယထပ်ရှိ ပြခန်းဆောင်သို့ သွားရောက်ပြီး မြန်မာနိုင်ငံမှ သမဝါယမအသင်းများ၊ ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်နှင့် ပုဂ္ဂလိကများ၏ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်း၊ ကျောက်မျက်ရတနာများ၊ လက်မှုအနုပညာပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ပြသရောင်းချမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပထမထပ်ပြခန်းဆောင်ရှိ မြန်မာနိုင်ငံ အမျိုးသားပြခန်းကို ကြည့်ရှုစစ်ဆေးအားပေးရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ အမျိုးသား ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ တက်ရောက်လာသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ပုလဲပုံသဏ္ဌာန်ပါ ငွေရောင်ကန်တော့များကို စင်မြင့်ပေါ်၌စိုက်ထူ၍ တတိယအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## ဝတ်ပြုဆုတောင်းပွဲနှင့်ပတ်သက်၍ပြည်ပမီဒီယာများက ပြည်တွင်းဆူပူလိုသူများနှင့်ပူးပေါင်း၍မမှန်သတင်းထုတ်လွှင့်ခဲ့မှု ခရစ်ယာန်နှင့်အစ္စလာမ်ဘာသာဝင်များထုတ်ပြန်ချက်များဖြင့်ကန့်ကွက်ရှုတ်ချ

**နေပြည်တော် နိုဝင်ဘာ ၄**

ဂဏမျိုးဆက်ကျောင်းသားအုပ်စုနှင့်အပေါင်းပါများ၏ ဘာသာရေးကို ခုတုံးလုပ်သည့် နိုင်ငံရေးလှုပ်ရှားမှု တစ်ရပ်ဖြစ်သော ဝတ်ပြုဆုတောင်းပွဲကို ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ မသင့်မလျော်ပြုလုပ်ခဲ့သဖြင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားစာပေးပို့သကဲ့သို့ ပြည်ပမီဒီယာများမှတစ်ဆင့် အဆိုပါဝတ်ပြုဆုတောင်းပွဲနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းထုတ်လွှင့်ခဲ့မှုအတွက် ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာဝင်များကလည်း ကြေညာချက်များထုတ်ပြန်၍ ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သတင်းရရှိသည်။

ပြည်ပ မီဒီယာများက ထုတ်လွှင့်ခဲ့သည်မှာ ဂဏ မျိုးဆက် ကျောင်းသားအုပ်စုက ဘာသာပေါင်းစုံ ပါဝင်သော ဝတ်ပြုဆုတောင်းပွဲကို ကျင်းပခဲ့ကြောင်း၊ ဂျင်မီ(ခ) ကျော်မင်းယုက ဗုဒ္ဓဘာသာဝင်များ၊ မြအေးက အစ္စလာမ် ဘာသာဝင်များ၊ မီးမီး(ခ) သင်းသင်းအေးက ခရစ်ယာန်ဘာသာဝင်များကို စည်းရုံးကာ အောင်မြင်စွာလှုပ်ရှားခဲ့ကြောင်း၊ ရန်ကုန်မြို့လယ်ရှိ စိန်မေရီ ရိုမန်ကက်သလစ် ဘုရားကျောင်း ဂိုဏ်းချုပ်ဆရာတော်ကြီးက ထောင်ကျနေသူများ၊ ဒုက္ခရောက်နေသူများ၊ ရေဘေး၊မီးဘေးအန္တရာယ်ရင်ဆိုင်နေရသူများအတွက် ဆုတောင်းပေးရာ ဘာသာဝင် ၂၀၀ ကျော်က လိုက်ပါ ဆုတောင်းပေးကြောင်း စသည်ဖြင့် မဟုတ်မမှန်လုပ်ကြံ၍ ပြည်တွင်းရှိ ဆူပူလိုသူများနှင့် ပူးပေါင်းကာ ထုတ်လွှင့်သွားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့ရှိ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး ချားလ်ဘို၏ ကြေညာချက်တွင် အောက်တိုဘာ ၂၉ ရက်က စိန်မေရီကက်သလစ် ဘုရားကျောင်း၌ တနင်္ဂနွေဝတ်ပြု ကိုးကွယ်ခြင်းနှင့် ကိုရင်ငါးပါးအား ဦးပဥ္စင်းကြီးများအဖြစ်သို့ ၎င်းကိုယ်တိုင် သိက္ခာတင်ပေးသည့် အခမ်းအနားပြုလုပ်ပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ ဘာသာရေးအခမ်းအနားသက်သက်ဖြစ်ပြီး နိုင်ငံရေးလုံးဝမပါကြောင်း၊ နိုင်ငံခြားသတင်းဌာနများတွင်ပါရှိသော သတင်းများသည် သတင်းမှားများသာဖြစ်ကြောင်း၊ ဘာသာရေးကို ခုတုံးလုပ်၍ နိုင်ငံရေးအမြတ်ထုတ်သွားခြင်းသာဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ဘာသာရေးနှင့် နိုင်ငံရေးကို လုံးဝမရောယှက်ကြောင်း၊ ဘာသာရေး သက်သက်ကိုသာ လုပ်ဆောင်ကြောင်း၊ နိုင်ငံရေးအတွက် ခုတုံးလုပ်အသုံးချမှုများကို လုံးဝကန့်ကွက်ကြောင်းဖြင့် ဖော်ပြထားကြောင်းသတင်းရရှိသည်။

အလားတူ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြန်မာ-မွတ်ဆလင် အမျိုးသားရေးရာအဖွဲ့ချုပ်ကလည်း မြန်မာနိုင်ငံတွင် လွတ်လပ်စွာဘာသာရေးကိုးကွယ်ခွင့်ရှိသည့်အလျောက် အေးချမ်းစွာဝတ်ပြုခွင့် ရရှိနေကြောင်း၊ အစ္စလာမ်ဘာသာဝင်များသည် ဘာသာရေးကိုခုတုံးလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်ခြင်း လုံးဝမရှိကြောင်း၊ ဘာသာရေးဆောင်ရွက်မှုကို ခုတုံးလုပ်၍ နိုင်ငံရေးအမြတ်ထုတ်သူများကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်၍ သက်ဆိုင်ရာသို့ ပေးပို့တင်ပြခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သတင်း၊ဆောင်းပါးနှင့်စာပေပြုစုရေးသားနည်းသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား သတင်း၊ ဆောင်းပါးနှင့် စာပေပြုစုရေးသားခြင်းဆိုင်ရာ လုပ်ငန်းများ ပိုမိုကျွမ်းကျင် တတ်မြောက်၍ လူထုဆက်သွယ်ရေး နည်းလမ်းများ ပီပြင်စွာကိုင်တွယ်အသုံးချတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် သတင်း၊ ဆောင်းပါးနှင့်စာပေပြုစုရေးသားနည်းသင်တန်း(၁/၂၀၀၆) ဆင်းပွဲကို အောက်တိုဘာ၂၃ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သင်တန်းခန်းမ၌ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင် တက်ရောက်အမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်စွာပထမရရှိခဲ့သည့် ကျောက်တန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဆွေဇင်ဦးအားလည်းကောင်း၊ဒုတိယဆုရရှိခဲ့သည့် အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်ခင်မမအားလည်းကောင်း၊ တတိယဆုရရှိခဲ့သည့်တိုက်ကြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုံးအကူဒေါ်စန်းကလျာခိုင်အားလည်းကောင်း ဆုများအသီးသီးချီးမြှင့်သည်။

သင်တန်းသို့ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်း ၁၁ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထဲရေးဝန်ကြီးဌာန ပညာနှင့် အားကစားထူးချွန်ဆုများပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထဲရေးဝန်ကြီးဌာန အဋ္ဌမအကြိမ်မြောက် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ပညာထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးနှင့်ဇနီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင် ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်ဝန်ထမ်းများ၊ ပညာထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီးနှင့်ဇနီး၊ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ရဲမှူးချုပ်များက တက္ကသိုလ်ထူးချွန်ဆုရရှိသူလေးဦး၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးရရှိသူ ၄၂ဦး၊ ၂၀၀၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးခြောက်ဘာသာရရှိသူ၁၄ဦး၊ ငါးဘာသာရရှိသူ ၁၇ ဦး၊ ပြည်တွင်း၊ ပြည်ပအားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသော နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမား ၂၄၉ ဦးတို့ အား တစ်ဦးချင်းစီဆုများ ချီးမြှင့်ပေးအပ်သည်။ **(သတင်းစဉ်)**



## ဆက်ကပ်လှူဒါန်း

**တောင်ကြီးပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမအားအမှူးထား၍ ပအိုဝ်းဘုန်းတော်ကြီး ၁၇ ကျောင်းမှ သံဃာတော်များအား စုပေါင်းကထိန်သင်္ကန်းကပ်လှူပွဲကို အောက်တိုဘာ ၂၂ ရက်က ဗဟန်းမြို့နယ် ၁ လမ်းရှိ ပအိုဝ်းအမျိုးသားဓမ္မာရုံတွင်ကျင်းပရာ ဦးအောင်ခမ်းထီအား အမှူးထား၍ ကျောက်စိမ်းနဂါးကုမ္ပဏီလီမိတက်မှ လှူဒါန်းသောသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို မန်နေဂျာ ဦးစောဒါလင်းက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။**
(က–ပ)





# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ ပထမအကြိမ် မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ အောင်သိဒ္ဓိကျောင်းတိုက်၌ ကျင်းပသည်။**

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ သပြေတောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ညွှန်ကြားရေးမှူးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်ပြီး သပြေတောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ဝန်ထမ်းမိသားစုများ၊ဧည့်ပရိသတ်တို့က ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို

ဆက်လက်၍ သပြေတောင်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရက အနုမောဒနာတရား ချီးမြှင့်ပြီး ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

* ချင်း၊ ကချင်၊ ကရင်၊ ကယားနဲ့
တိုင်းရင်းသား စုံလင်စွာ။
ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း
စိတ်ဝမ်းညီညာ။
နှစ်ပေါင်းရယ် ရှည်ကြာ
ဤမြေမှာ ဒို့မခွဲ။
ဥမကွဲ သိုက်မပျက်
တွဲလက်ခိုင်မြဲ။

* သူကကူ ကိုယ်ကဝိုင်းလို့
ရိုင်းပင်းတော့ ညီညာ
ပြည်မြန်မာခွန်အား။
လမ်းတံတားရယ် တစ်ဆင့်ပြီးတစ်ဆင့်
ပန်းများနှယ် တစ်ပွင့်ပြီးတစ်ပွင့်
ထူးတင့်လှသား။

* ပြည်မြန်မာ စိမ်းလန်းအေးတော့
ငြိမ်းချမ်းရေး တေးဝတ်မှုန်
ဆွတ်ထုံလို့ အလှကျင်း။
ကမ္ဘာမှာ ကျော်ကြားတဲ့
ပတ္တမြား နီလာနဲ့
ကျောက်စိမ်း အစုံပါကွဲ့
ဒို့ပြည်မှာ သယံဇာတ
ကြွယ်ဝဘိခြင်း။

* ဒို့ရေမြေ သဘာဝနှင့်
ဒို့အလှပြည့်စုံသည်။
ပြည်ထောင်စုကြံ့ခိုင်ရေး
အလေးအနက်ယုံကြည်။
စိတ်ဓာတ်က ခိုင်မာတည်
စည်းကမ်းသည် ခိုင်ခိုင်မြဲ။
ကြံ့ခိုင်ကာ စည်းလုံးကြ
ထာဝရမခွဲ။

* ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးအသင်းကြီးလျှင်။
နေ လ ကြယ်ပမာလင်း
ဝင်းပကြည်လင်။
အသီးကတစ်ရာတွင်
အညှာလျှင်တစ်ခုထဲ(တည်း)။
ညီလည်းအတူပါကွဲ့
နောင်လည်းအတူပါကွဲ့
ပြည်မြန်မာ စည်သာဖြိုးအောင်
ကြိုးစားမည်ပဲ။ ။

(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုလျက်–)

**စိုးမိုး(ပုသိမ်)**



**အောက်တိုဘာ ၂၉ ရက်က ဝါးခယ်မမြို့ ရွှေသံလွင်ကျောင်းတိုက်၌ ကျင်းပသော တတိယအကြိမ်မြောက် ရွှေသံလွင်ကျောင်းတိုက်(ဝါးခယ်မ) စုပေါင်းမဟာဘုံကထိန်ကပ်လှူပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရွှေသံလွင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသအား အသင်းနာယကများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)နှင့် ဆရာကြီးဦးစောကြိုင်တို့က ကထိန်လျာဥတ်သင်္ကန်းကို အလှူရှင်များကိုယ်စား ဆက်ကပ်လှူဒါန်းကြစဉ်။**
(က–ပ)

# အကောက်ခွန်ဦးစီးဌာန ကထိန်သင်္ကန်းဆက်ကပ်

**ရန်ကုန် နိုဝင်ဘာ ၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ (၂၈) ကြိမ်မြောက် ဝန်ထမ်းမိသားစု ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဗဟန်း မြို့နယ် ရွှေတိဂုံ ဘုရားလမ်းရှိ အကောက်ခွန်ဓမ္မသုခရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ကလေးဝ တောရ စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇာဂရာ ဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ၁၀ ပါး အား အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။
**(ယာပုံ)**

### ဂါရဝပြုကန်တော့

ထို့နောက် သက်ကြီးဝန်ထမ်းဟောင်းများ ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ အကောက်ခွန် ဦးစီးဌာနမှ အငြိမ်းစား ယူခဲ့ကြသည့် အသက် ၇၀ ကျော် သက်ကြီး ဝန်ထမ်းဟောင်း ၁၉၀တို့အား ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများက ပစ္စည်းများဖြင့် ဂါရဝပြု ကန်တော့ကြသည်။
**(က–ပ)**



✡ **ရွှေဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီး အကဲများ၊ စွယ်တော်မြတ် စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ စွယ်တော်မြတ် စေတီတော် (ရန်ကုန်) ဂေါပက အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြည်ညိုကြ သည်။

ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်သည် ဗုဒ္ဓရုပ်ပွား ဆင်းတု တော်များနှင့် ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီ တော်အား အရုဏ်ဆွမ်းနှင့် သစ်သီး များ ဆက်ကပ်လှူဒါန်းသည်။

### အရုဏ်ဆွမ်းဆက်ကပ်

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင်များ၏ ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေး ဦးစီးချုပ်(လေ)တို့၏ ဇနီးများ၊ ကာ ကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများ နှင့် ဒုတိယမြို့တော်ဝန်တို့က ဆရာ တော် သံဃာတော်များအား အရုဏ် ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

### ဖတ်ကြားလျှောက်ထား

ယင်းနောက် ဗုဒ္ဓါဘိသေက အနေ ကဇာတင်ပွဲအခမ်းအနားကို နံနက် ၆ နာရီတွင် စတင်ကျင်းပရာ အခမ်း အနားမှူးအဖြစ် အကြံပေး ပုဂ္ဂိုလ် ဦးအံ့မောင်က ဆောင်ရွက်ပြီး အခမ်း အနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

### အနေကဇာတင်

အစီအစဉ်အရ စွယ်တော်မြတ် စေတီတော်ရှိ မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များနှင့် စွယ်တော်မြတ် စေတီတော်အား ဆရာတော် သံဃာ တော်များက ဗုဒ္ဓါဘိသေက အနေ ကဇာ တင်တော်မူကြသည်။

ယင်းနောက် အလှူတော်မင်္ဂလာ ရေစက်ချပွဲနှင့် ရွှေကြာသင်္ကန်း ကပ်လှူ ပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်း အနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြ သည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

### လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော် သံဃာတော်များအား သင်္ကန်း အစ ရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်း ဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသ ထံမှ အနုမောဒနာတရားနာကြားကြ ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေ စက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း သည်။

### ရွှေကြာသင်္ကန်းဆက်ကပ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက ဝရဒမုဒြာဗုဒ္ဓ



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ဝရဒမုဒြာ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ လာဘမုဒြာဗုဒ္ဓရုပ်ပွားတော် အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ဝင်များ၏ ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေး ဦးစီးချုပ် (လေ) တို့၏ ဇနီးများ၊



### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁)

**နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဥတ္တရဖောဓိမုဒြာဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း မဟာကရုဏာမုဒြာ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က ဥတ္တရဇောဓိမုဒြာ ဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၏ဇနီး ဒေါ်မာလာ ရွှတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

## ဆွမ်းဆန်စိမ်းလောင်းလှူ

ထို့နောက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆက်လက်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ဝရဒါဠာခါတုစေတီယစွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဧကာဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

## ဆွမ်းဆန်စိမ်းလောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။

(သတင်းစဉ်)







နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (သတင်းစဉ်)

ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေး ဦးစီးချုပ်(လေ)တို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေ အသင်း အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် စေတနာရှင် ပြည်သူများက စွယ်တော်မြတ်စေတီတော် ရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီးမှ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (သတင်းစဉ်)



ရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့က လာဘမုဒြာဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက မဟာကရုဏာမုဒြာ ဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဇနီး ဒေါ်စန်းစန်းရီက ဈာနမုဒြာ တင့်က ဘူမိဖဿမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းက သန္တိဒမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတု တော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၏ဇနီး ဒေါ်အေးအေးက ပါဠိဟာရိယမုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အလှူတော်မင်္ဂလာ ရေစက်ချပွဲနှင့် ရွှေကြာသင်္ကန်း ကပ်လှူ ပူဇော်ပွဲအခမ်းအနားကို ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

## လှူဖွယ်ဝတ္ထုပစ္စည်း

ယနေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဌာနဆိုင်ရာ မိသားစုများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မိသားစုများနှင့် ပုဂ္ဂလိကအဖွဲ့အစည်း မိသားစုများ၏ လှူဖွယ်ဝတ္ထုပစ္စည်း များ၏ စုစုပေါင်း တန်ဖိုးမှာ ငွေ ၂၂၆၄၀၀၇၅ ကျပ် ဖြစ်ကြောင်း သိရသည်။

## အမျှပေးဝေ

ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားအပြီးတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အမျှ ဝေစာတမ်းကို ဖတ်ကြားပြီး လှူဒါန်းမှု အစုစုတို့အတွက် အမျှပေးဝေကြသည်။

(သတင်းစဉ်)

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ စေတီပုထိုးများ၌ မသိုးသင်္ကန်းနှင့်ရွှေကြာသင်္ကန်းဆက်ကပ် ဒါန၊ သီလ၊ ဘာဝနာ ဆောက်တည်ကြသူများ များပြား

ရန်ကုန် နိုဝင်ဘာ ၄

**မြတ်စွာဘုရားရှင်က ရဟန်းပြုရခြင်း၏ အကျိုးပြု သာမညဖလသုတ္တန်ဒေသနာကို ဟောကြားတော်မူသည်။ ရဟန်းပြုရခြင်း၏ မြင့်မြတ်သော အကျိုးတရားများကို ဟောကြားတော်မူသောအခါ အဇာတသတ်မင်းကြီးသည် သာမညဖလသုတ္တန်တရားတော်ကို နာကြားရသောအချိန်မှ အစပြု၍ ရတနာသုံးပါးကို အထူး ယုံကြည်ကိုးကွယ်ပူဇော်လာခဲ့သည်။ ယင်းသို့ သာမညဖလသုတ် ဟောကြားတော်မူခြင်းကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလအခါတော်နေ့"ဟူ၍ သတ်မှတ်ခဲ့ပေသည်။**



တန်ဆောင်မုန်းလပြည့်နေ့က ရွှေတိဂုံစေတီတော် ရင်ပြင်တော်တွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် ဤသို့ စည်ကားများပြားလှသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ခမ်းနားစည်ကား

၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ **"သာမညဖလအခါတော်နေ့"**ဖြစ်သည့် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ မသိုးသင်္ကန်း ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ ဆက်ကပ်ပူဇော်ပွဲများ၊ ဝတ်ရွတ်ပူဇော်ပွဲများ၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ဒါန သီလ ဘာဝနာ ဆောက်တည်ကုသိုလ်ယူကြသူများဖြင့် ခမ်းနားစည်ကားလှသည်။



ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် မသိုးရွှေကြာသင်္ကန်း ကပ်လှူပွဲတွင် တာဝန်ရှိသူများက ရွှေကြာသင်္ကန်းကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၂)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၄ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပရာ ရက်ကန်းစင်တော်များက ရက်လုပ်ပြီးစီးသွားသော မသိုးရွှေကြာသင်္ကန်းများကို စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များက လက်ယာရစ်လှည့်လည် ပင့်ဆောင်၍ စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်ကိုးဆူတို့အား ကပ်လှူပူဇော်ကြသည်။

## ကပ်လှူပူဇော်

ထို့နောက် နံနက် ၅ နာရီခွဲတွင် စေတီတော်ရင်ပြင် တောင်ဘက်ရှိ ဧည့်ခံတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များက ရွှေတိဂုံစေတီတော်ကြီးအား အရုဏ်ဆွမ်း ကပ်လှူပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ကပ်လှူပူဇော်ခြင်းနှင့် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပွဲအခမ်းအနားကို နံနက် ၆ နာရီခွဲတွင် စေတီတော်ရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏ်နက ထံမှ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အလားတူ ရွှေတိဂုံစေတီတော် တန်ဆောင်မုန်းလပြည့် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ရက်ကန်းစင်တော်များအား ယမန်နေ့ည ၁၂ နာရီခွဲတွင် စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

တန်ဆောင်မုန်းလပြည့်အခါသမယတွင် ရွှေတိဂုံစေတီတော် ဘာသာရေးဝတ်အသင်းအဖွဲ့များက ရင်ပြင်တော်ပေါ်တွင် သန့်ရှင်းရေးဖြင့်ဒါနပြုခြင်း၊ သောက်ရေသန့်များ ဝေငှလှူဒါန်းခြင်း၊ ဝတ်ရွတ်စဉ်များဖြင့် ရွတ်ပွားပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုလျက်ရှိပြီး ဘုရားဖူးလာ ပြည်သူများ၊ တရားဘာဝနာပွားများသူများဖြင့်လည်း အထူးစည်ကားလှသည်။

ညပိုင်းတွင် စေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ဆက်လက်ကျင်းပသည်။

## ဆူးလေစေတီတော်

ဆူးလေစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့နံနက် အရုဏ်တက်ချိန်တွင် စေတီတော်ရင်ပြင်ရှိ ဂန္ဓကုဋိတိုက်များအတွင်း သီတင်းသုံးတော်မူကြကုန်သော ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ ဗုဒ္ဓရုပ်ပွားတော်များအား သင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဆူးလေစေတီတော် ဝန်ထမ်းဝတ်အဖွဲ့က အထူးအစီအစဉ်အဖြစ် သာမညဖလ တရားတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး ဆက်လက်၍ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် ညပိုင်းတွင် စေတီရင်ပြင်တော်ပတ်လည်တွင် ဆီမီးငါးထောင် ထွန်းညှိပူဇော်ကြသည်။

## ဗိုလ်တထောင်စေတီ

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်မုန်းလပြည့် နေ့ မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်ပူဇော်ပွဲကို အရုဏ်မတက်မီ နံနက် ၄ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ယမန်နေ့ (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ညနေပိုင်းတွင် စတင်ရက်လုပ်ခဲ့သော မသိုးသင်္ကန်းများကို ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ခြင်း၊ ရွှေကြာများ ကပ်ခြင်းတို့ကို ဆောင်ရွက်ပြီး အမှတ်(၄)စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီးကျော်နိုင်ဦး၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များက မသိုးရွှေကြာသင်္ကန်းများကိုပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ပြီး ဗုဒ္ဓ



ဆံတော်မြတ်နှင့် စေတီတော် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များက ပထမရရှိသော မယ်တော်မာယာစင်တော်၊ ဒုတိယရရှိသော ဒေဝဠ္ဍရာစင်တော်၊ တတိယရရှိသော ဝဏ္ဏုပဘာစင်တော်နှင့် နှစ်သိမ့်ဆုရရှိသော စင်တော်များအား ဂုဏ်ပြုဆုငွေများနှင့်ရွှေတံဆိပ်များချီးမြှင့်ပြီး တာဝန်ခံ အလှည့်ကျ ဂေါပကဦးအောင်ဆုက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို စေတီတော်ရင်ပြင်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတထံမှ ဂေါပကအဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်၊ နံနက်၊ နေ့လယ်၊ ညနေနှင့် ညပိုင်းတို့တွင် ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းပူဇော်သူများ၊ အလှူဒါနပြုကြသူများ၊ တရားဘာဝနာပွားများသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိပြီး ညပိုင်းတွင် စေတီတော်မြတ်ကြီးအား တနင်္ဂနွေနေ့ သန့်ရှင်းရေးအသင်းက ဆီမီး ၉၀၀၀ဖြင့်ထွန်းညှိပူဇော်ကြသည်။

## ကမ္ဘာအေးစေတီ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဒသမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို နံနက် ၄ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ရင်ပြင်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရက်လုပ်ပြီးသည့် မသိုးရွှေကြာ သင်္ကန်းများကို ကိုင်ဆောင်လျက် ကမ္ဘာအေးစေတီတော်မြတ်ကြီးအား လက်ယာရစ်ပတ်၍ ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ရက်လုပ်ပြီးသည့် မသိုးရွှေကြာသင်္ကန်းများကို ကမ္ဘာအေးစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား တစ်ပြိုင်တည်း ဆက်ကပ်လှူဒါန်းနိုင်ရန် သင်္ကန်းကပ်ဂါထာတော်အား သုံးကြိမ်ရွတ်ဆိုကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

ထို့အပြင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဒသမအကြိမ် သာမညဖလ အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အရုဏ်ခံ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကြွရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ဘုရားကန်တော့ပြီး ဖွင့်လှစ်သည်။

ယင်းနောက် ဝတ်အသင်းအဖွဲ့ဝင်များက နတ်ဗြဟ္မာများနှင့် ရဟန္တာအရှင်မြတ်များအား ပင့်ဖိတ်၍ ဘုရားကန်တော့ပြီး ကမ္ဘာအေးစေတီတော်အား ဂါထာတော်များဖြင့် ရွတ်ဆိုပူဇော်ကန်တော့ကြသည်။

ထို့နောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးစောကြိုင်က သာမညဖလ အခါတော်နေ့အကြောင်းကို ဓမ္မပူဇာမင်္ဂလာ ထောမနာစကားဖြင့် တင်ပြ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြော်ချင့်ပဏာ သစ္စာဓိဋ္ဌာန်ပြုဂါထာတော်နှင့် သာမညဖလ အခါတော်နေ့ ရွှစ်လုံးဘွဲ့ကဗျာတို့အားလည်းကောင်း၊ သုတ်ဒေသနာတော်နှင့်မေတ္တာပို့ဆုတောင်း ကဗျာတို့အားလည်းကောင်း အခမ်းအနား တက်ရောက်လာကြသည့် ဝတ်အသင်းအဖွဲ့ဝင်နှင့် အလှူရှင်များက စုပေါင်းရွတ်ဆိုပူဇော်ကန်တော့ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။



တန်ဆောင်မုန်းလပြည့်နေ့က ဗဟန်းမြို့နယ် မဟာဗေယျအတုလ မာရဇိန် ကြေးသွန်းဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများ ဤသို့ ကောင်းမှုကုသိုလ်ပြုလျက်ရှိသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## မဟာဝိဇယစေတီတော်

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဓမ္မရက္ခိတကုန်းတော်ရှိ မဟာဝိဇယစေတီတော်၌ ယမန်နေ့ညပိုင်းတွင် ကြည့်မြင်တိုင်လူငယ်အဖွဲ့က စေတီတော်မြတ်ကြီးအား ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ မဟာဝိဇယစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများ၊ သီလ ဘာဝနာပွားများ အားထုတ်ကြသူများ၊ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးတွင် ဂေါပကအဖွဲ့က ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းပြီး ရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ကြသည်။

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ ဝတ်အသင်းအဖွဲ့များက နံနက်ပိုင်းမှ စတင်လျက် ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး စေတီတော်၌ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

## ရွှေဘုန်းပွင့်စေတီတော်

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် မသိုးသင်္ကန်းရက်လုပ်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

5-11 (10) 1 11/5/06, 2:43 PM

# ဓနုဖြူ ကဇင်းတောကျေးရွာစာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်များလှူ စံကင်းကျောက်တိုင်ကျေးရွာ စပါးခွံဓာတ်ငွေ့သုံးမီးစက်ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းစိုက်တိုးမြှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ပုသိမ်-ကန်ကြီးထောင့်-ကျောင်းကုန်း-ပန်းတနော်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး လမ်း၊ တံတားများ ကြံ့ခိုင်မှုအခြေအနေ၊ လမ်းဘေးဝဲယာတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဧရာအောင်မိုးစပါးစံကွက်ရိတ်သိမ်းရာ၌ တစ်ဧကမျိုးစပါးရှစ်ပြည်နှုန်း ဖြင့် မြေပေါင်ပြုလုပ်ပျိုးထောင်ပြီး ပျိုးသက် ၂၁ရက်တွင် စတင်စိုက်ပျိုးကာ ရက်ပေါင်း ၁၁၀ တွင် ရိတ်သိမ်းခြွေလှေ့ရာ၌ တစ်ဧက ၁၀၅ ဒသမ ၅၇ တင်းနှုန်း ထွက်ရှိကြောင်းနှင့် ပန်းတနော်မြို့နယ် အနေဖြင့် မိုးစပါး ၈၅၄၈၁ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ၈၅၄၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့ထိ ၃၁၇၆ ဧက ရိတ်သိမ်းပြီးစီးကာ အထွက်နှုန်း တစ်ဧက ၇၇ ဒသမ ၁၂ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။

## ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဓနုဖြူမြို့နယ် သပြုကျေးရွာအုပ်စု ကဇင်းတောကျေးရွာ လူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးရာ ရှေးဦးစွာ ကျေးလက်စာကြည့်တိုက်မှူး ဦးမြတ်စိုးက စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ၂၁ လက်မရောင်စုံ ရုပ်မြင်သံကြားစက်တစ်လုံးကို လည်းကောင်း၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာအုပ်စာစောင်မျိုးစုံကို လည်းကောင်း၊ မြို့နယ်ခေတ္တဥက္ကဋ္ဌက အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး တိုင်းမှူးက တာဝန်ရှိသူများအားစာကြည့်တိုက် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

အဆိုပါစာကြည့်တိုက်သည်အလျား ၃၂ ပေ၊ အနံ ၂၆ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုး အုတ်တိုက် အဆောက်အအုံဖြစ်ပြီး ၁၉၉၇ခုနှစ်တွင် ဒေသခံ ပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၈ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး စာကြည့်တိုက်တွင် စာအုပ်စာစောင် မျိုးစုံအုပ် ၅၃၆၀ စုဆောင်းထားရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဓနုဖြူမြို့နယ် စံကင်းကျောက်တိုင်ကျေးရွာ စပါးခွံဓာတ်ငွေ့သုံးမီးစက်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး စက်ရုံအတွင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါ စပါးခွံလောင်စာဓာတ်ငွေ့သုံး မီးစက်သည် စံကင်း ကျောက်တိုင်ကျေးရွာမီးလင်းရေး အတွက် ပုသိမ်မြို့ ဧရာစွမ်းအားစပါးခွံ လောင်စာဓာတ်ငွေ့သုံးစက်ရုံမှ ၃၀ ကေဗွီဂျင်နရေတာနှင့် ၈၀ အိပ်ချ်ပီဇက်ကာအင်ဂျင်စက်အား ဝယ်ယူ တပ်ဆင်ခဲ့ပြီး လိုအပ်သော ပြင်ဆင်မှုပြုလုပ်ကာ ကျေးရွာသို့ မီးပေးရေးဆောင်ရွက်နေကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအနီးရှိ မန်းချိုနှင့်သားများ စပါးခွံ လောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်တပ်ဆင်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး စက်ပစ္စည်းအစိတ်အပိုင်းများအား နေရာအလိုက် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာ၌ ဦးခင်မောင်မြင့် ငါးမွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိပြီး ကန်အတွင်း မွေးမြူထားသော ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးကြင်း မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မွေးမြူရေးငါးစခန်းတွင် ငါးကန် ၅၅ကန်၊ ဧရိယာ ၆၂၉ ဒသမ ၄ ဧက၌ ငါးမျိုးစုံကောင်ရေ ၅၆ သိန်းကျော် မွေးမြူထားရှိပြီး ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်းတီလားဗီးယားငါး တန်၂၀၀နှင့်၂၀၀၇ခုနှစ်တွင် ငါးမျိုးစုံ တန်၅၀၀ ထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**



ကွယ်လွန်သူ နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၈ လမ်း တိုက် ၁၇၁/၁၈၁၊ အခန်း ၆ နေ ဦးမောင်စိန် - ဒေါ်ရင်ရွှေ၊ သားသမီး မြေး တစ်စုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

# မီးသတ်ဦးစီးဌာန မိသားစု စုပေါင်းဘုံကထိန်ကျင်းပ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ ဒသမအကြိမ်မြောက် မိသားစု စုပေါင်းဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၈ရက်နံနက်က ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)သီတာခန်းမ၌ ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီးတို့ တက်ရောက်ကြည်ညိုကြသည်။**

## ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လှိုင်မြို့နယ် မေတ္တာဝါဒီဟသ်ာတကျောင်း စာသင်တိုက် (ပရဟိတ)မှ ဆရာတော် ဘဒ္ဒန္တဥတ္တမစာရ (အစိုးရဓမ္မာစရိယ)ထံမှ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးတို့အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ယင်းနောက် ဝန်ကြီးနှင့်ဇနီးတို့က လှိုင်မြို့နယ် မေတ္တာဝါဒီဟသ်ာတကျောင်း စာသင်တိုက် (ပရဟိတ) ဆရာတော် ဘဒ္ဒန္တဥတ္တမစာရအား ကထိန်လျာ ဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချအမျှဝေ

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## လှူဒါန်းမှုအစုစု

ယနေ့ လှူဒါန်းမှုအစုစုမှာ မီးသတ်ဦးစီးဌာန(ရုံးချုပ်)နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ငွေစုစုပေါင်း ၃၅ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အောင်လံ ညောင်ပင်ဆိပ် အထက အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မကွေးတိုင်း အောင်လံမြို့နယ် ညောင်ပင်ဆိပ်ရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများ၏ အဋ္ဌမအကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ၁၃၆၈ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် (အမျိုးသားနေ့) နိုဝင်ဘာ ၁၄ ရက် နံနက် ၈နာရီတွင် အထကခန်းမ၌ ကျင်းပမည် ဖြစ်သည်။

## ပူဇော်ကန်တော့မည်

ရပ်ဝေးရပ်နီးမှ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ယခင်နှစ်က ကန်တော့ခံဆရာ၊ ဆရာမကြီး ၃၈ဦးအပြင် ဒေါ်ရွှေရွှေမြ (ရန်ကုန်)၊ ဒေါ်ကြည်ကြည်ဝင်း (ပြည်)၊ ဒေါ်အေးအေးမြင့် (ပြည်)၊ ဦးထွန်းလွင်(ချောက်) တို့ကိုပါ ပူဇော်ကန်တော့မည် ဖြစ်သည်။

## ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ဦးခင်မောင်ဝင်း ယုဇနတာဝါ ဖုန်း ၀၁-၅၅၈၃၄၇၊ ဒေါ်ပိုပို မန္တလေး ဖုန်း- ၀၂-၃၄၀၃၅၊ ဒေါ်စန်းနွဲ့(ပြည်) ဖုန်း-၀၅၃-၂၄၁၁၄၊ ဦးအေးလွင် (ပြည်) ဖုန်း-၀၅၃-၂၁၀၄၂နှင့် ဦးလှထွန်း(အောင်လံ)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုမြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း ၃-လမ်း မှတ်တိုင် အနီး)တွင် ခြံအမှတ် (၁၂) သုဓမ္မာလမ်း သုမင်္ဂလာ အိမ်ရာ သဃ်န်းကျွန်းမြို့နယ်နေ ဒေါက်တာဦးမြဟန်(မျက်စိအထူးကု ဆရာဝန်ကြီး) ၏ ဇနီး ဒေါ်သန်းဟန်၏ မွေးနေ့အလှူအဖြစ် ဒေါ်သန်းဟန်၊ သားသမီးဦးဇော်ဝင်း-ဒေါ်ခိုင်မာဟန်၊ ဦးရန်နိုင်မိုးလွင်-ဒေါ်မိုးသီတာဟန်နှင့် မြေးတစ်စုတို့က ငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ပါတီ၏လုပ်ရပ်များကိုစိတ်ဝင်စားမှုမရှိတော့ ဒေသဖွံ့ဖြိုးရေးအာဏာပိုင်များနှင့်လက်တွဲဆောင်ရွက်လို အရာတော်မြို့နယ် NLD ပါတီဝင် ၁၉ ဦး မိမိတို့၏ဆန္ဒအလျောက်စုပေါင်းနုတ်ထွက်

**ရန်ကုန် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သလဲဘာကျေးရွာမှဦးရွှေထွန်း၊ ဒေါ်ဂွက်ထော်၊ ဒေါ်စန်းဝင်း၊ ဦးကံထွန်း၊ ဦးခင်မောင်၊ ဦးဝင်းနှင့် ဦးတင်မောင်တို့သည် ဇူလိုင် ၂၄ ရက်တွင်လည်းကောင်း၊ ဇရစ်ကျေးရွာမှ ဦးသိန်းအေးနှင့် ဦးမိုးဝင်းတို့သည် ဇူလိုင် ၂၅ ရက်တွင်လည်းကောင်း၊ မင်းရွာစံပြကျေးရွာမှ ဦးချစ်ကျော်၊ ဦးအောင်ရှိန်၊ ဦးအောင်ခို၊ ဦးမြငွေ၊ ဦးမျိုးသင်း၊ ဦးစိုးရွှေ၊ဦးတင်ထွန်း၊ ဦးမာကျော်၊ ဦးဝင်းဗိုလ်နှင့် ဦးထွန်းခင် တို့သည် ဇူလိုင် ၂၇ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း၊ နုတ်ထွက်စာများရေးသားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ အပေါ် ယုံကြည်မှုမရှိတော့ခြင်း၊ ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှု မရှိတော့ခြင်း တို့အပြင် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များနှင့်အတူ လက်တွဲဆောင်ရွက်လိုခြင်းတို့ကြောင့် ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## နိုင်ဂျီးရီးယားနည်းပြအဖြစ် အဲရစ်ဆင်ဆွေးနွေးမှုပြုလုပ်နေ

လန်ဒန် နိုဝင်ဘာ ၄

**အင်္ဂလန်အသင်းနည်းပြဟောင်း အဲရစ်ဆင်သည် နိုင်ဂျီးရီးယားဘောလုံးအသင်း နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ရန် ဆက်သွယ်မှုများပြုလုပ်နေပြီ ဖြစ်ကြောင်း အဲရစ်ဆင်၏အေးဂျင့်တစ်ဦးဖြစ်သူ အက်ဟိုလီစတဲလ်က ပြောကြားသည်။**

**စုစည်းတင်ပြသူ -မောင်မောင်မြင့်ဆွေ**



**အင်္ဂလန်အသင်းနည်းပြအဖြစ် ၂၀၀၆ကမ္ဘာ့ဖလားပွဲ ပြီးဆုံးသည်အထိ တာဝန်ယူခဲ့သူ အဲရစ်ဆင်။**

အဲရစ်ဆင်သည် ယခုအခါ နိုင်ဂျီးရီးယား အမျိုးသားဘောလုံးအသင်း နည်းပြအဖြစ် ဆောင်ရွက်ရေး နိုင်ဂျီးရီးယား အရာရှိများနှင့် အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

**မကြာမီသိရမည်**

အဲရစ်ဆင်အနေဖြင့် နိုင်ဂျီးရီးယား နည်းပြအဖြစ် တာဝန်ယူမည့်အဖြေကို မကြာမီသိရှိရမည်ဖြစ်ကြောင်း၊ မိမိတို့သတင်းထုတ်ပြန်မည် ဖြစ်ကြောင်း အဲရစ်ဆင်၏ အေးဂျင့်ဟိုလီစတဲလ်က ပြောကြားသည်။

**တာဝန်ယူခဲ့**

အဲရစ်ဆင်သည် အင်္ဂလန်အသင်း နည်းပြအဖြစ် ၂၀၀၆ ကမ္ဘာ့ဖလားပွဲပြီးဆုံးသည်အထိ တာဝန်ယူခဲ့သူ တစ်ဦးဖြစ်သည်။ **(အင်တာနက်)**

## ဒရော့ဘာ ချယ်လ်ဆီးနှင့် လေးနှစ်စာချုပ်ထပ်မံချုပ်ဆိုပြီ



**ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ။**

**လန်ဒန် နိုဝင်ဘာ ၄**

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ချယ်လ်ဆီးကလပ်နှင့် နောက်ထပ် လေးနှစ်စာချုပ်ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်ရာ ဒရော့ဘာအနေဖြင့် လာမည့် ၂၀၁၀ပြည့်နှစ်အထိ ချယ်လ်ဆီး၌ ဆက်လက်ကစားသွားမည်မှာ သေချာသွားပြီဖြစ်သည်။

**ခြေစွမ်းပြ**

ချယ်လ်ဆီးအသင်းသို့ ၂၀၀၄ခုနှစ်တွင် ပေါင် ၂၄သန်းဖြင့် ရောက်ရှိခဲ့သော ဒရော့ဘာသည် ချယ်လ်ဆီး၏ အမာခံတိုက်စစ်မှူးတစ်ဦးအဖြစ် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ဒရော့ဘာသည် ယခုနှစ်ဘောလုံးရာသီ၌ ချယ်လ်ဆီး အတွက် ၁၅ပွဲကစားပေးထားပြီး ၁၀ဂိုးသွင်းယူပေးခဲ့သည်။

အိုင်ဗရီကို့စ်တိုက်စစ်မှူးနှင့် ချယ်လ်ဆီးတိုက်စစ်မှူးဖြစ်သူ ဒရော့ဘာက မိမိအနေဖြင့် စာချုပ်အသစ် ချုပ်ဆိုနိုင်ခြင်း မရှိသေးသဖြင့် စိတ်တိုင်းကျ မကစားနိုင်ခဲ့ကြောင်း၊ ယခုစာချုပ်အသစ် ချုပ်ဆိုပြီးဖြစ်သဖြင့် စိတ်အေးလက်အေးကစားနိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးကလပ်သို့ ပြီးခဲ့သည့်နွေရာသီက တိုက်စစ်မှူးအသစ် ရှက်ဗ်ချင်ကို ရောက်ရှိခဲ့သော်လည်း နည်းပြမော်ရင်ဟိုက ဒရော့ဘာအား ပထမဦးစားပေးတိုက်စစ်မှူးအဖြစ် နေရာဆက်ပေးခဲ့သည်။ **(အင်တာနက်)**

## အဘယ်ဇာဗီရာ မစ်ဒယ်ဘရော့တွင် ကစားတော့မည်

**လန်ဒန် နိုဝင်ဘာ ၄**

မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဘောလုံးကစားမှု ၁၂လအပိတ်ခံခဲ့ရသော မစ်ဒယ်ဘရော့နောက်ခံလူ အဘယ်ဇာဗီရာသည် ပြစ်ဒဏ်ကာလ ပြီးဆုံးခဲ့ပြီးနောက် ယခုအခါ မစ်ဒယ်ဘရော့နှင့် ဆွေးနွေးမှုများပြုလုပ်နေပြီ ဖြစ်သည်။

**ပြစ်ဒဏ်ခံခဲ့ရ**

အဘယ်ဇာဗီရာသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ဆေးစစ်ခံခဲ့ရာမှ မူးယစ်ဆေးဝါး သုံးစွဲမှုပေါ်ပေါက်ခဲ့သဖြင့် ပြစ်ဒဏ်ခံခဲ့ရခြင်းဖြစ်သည်။

**ပြောင်းရွှေ့လာခဲ့**

အသက်(၃၃)နှစ်အရွယ်ရှိ ပေါ်တူဂီနောက်တန်း ကစားသမား အဘယ်ဇာဗီရာသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လက အေအက်စ်ရိုးမားကလပ်မှ မစ်ဒယ်ဘရော့သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

**ပြောကြား**

မူလက ပြစ်ဒဏ်၁၈လ သတ်မှတ်ထားသော်လည်း ၁၂လအဖြစ် ပြန်လည်သတ်မှတ်ပေးခဲ့ခြင်းကြောင့် ယခုအခါ ပြစ်ဒဏ်မှ ကင်းလွတ်သွားပြီဖြစ်သည်။ အဘယ်ဇာဗီရာအား မိမိတို့လိုအပ်ကြောင်း၊ သူသည် ကြံ့ခိုင်ဆဲ ကစားသမားတစ်ဦးဖြစ်ကြောင်း၊ မစ်ဒယ်ဘရော့တွင် သူ့အတွက်နေရာပေးမည်ဖြစ်ကြောင်း နည်းပြဆော့ဂိတ်က ပြောကြားသည်။ **(အင်တာနက်)**

**မစ်ဒယ်ဘရော့နောက်ခံလူ အဘယ်ဇာဗီရာ။**



## အိုးထရက်ဖို့ဒ်၌ မန်ယူတို့ဆက်လက်အောင်ပွဲခံ လီဗာပူးက ရက်ဒင်းကို ခြေစွမ်းပြအနိုင်ကစား

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

**လန်ဒန် နိုဝင်ဘာ ၄**

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ပြိုင်ပွဲကို နိုဝင်ဘာ၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ချက်စတာယူနိုက်တက်အသင်းက ပို့စ်မောက်အသင်းကို ပထမပိုင်းတွင်ပင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားထားခဲ့သည်။

**ပြစ်ဒဏ်ဘော**

ပွဲစသည်နှင့် မန်ယူတို့အိမ်ကွင်းအရှိန်ဖြင့် ဖိကစားခဲ့သည်။ ပွဲစပြီး နှစ်မိနစ်အကြာတွင် ရွှန်နေအား ပို့စ်မောက်နောက်တန်းလူ စတီဖန်နီဗစ်က ဂိုးဧရိယာအတွင်း ကြမ်းကြမ်းတမ်းတမ်း ကစားခဲ့၍ ဒိုင်လူကြီးက ပယ်နယ်တီ ပြစ်ဒဏ်ဘောပေးခဲ့သည်။ ယင်းပယ်နယ်တီကို လူးဝစ်ဆာဟာက အပိုင်ကန်သွင်းယူရာ ပို့စ်မောက် ဂိုးပေါက် ဝဲအောက်ခြေမှ ဘောလုံးဝင်သွားခဲ့သည်။

**ဒုတိယမြောက်ဂိုး**

ယင်းနောက် မန်ယူတို့ တိုက်စစ်အရှိန် မြှင့်ကစားခဲ့ရာ ပွဲချိန် ၁၀မိနစ်တွင် မန်ယူတိုက်စစ်မှူး ဆာဟာအား ပို့စ်မောက်ကစားသမား အင်ဒရူးအိုဘရီရင်က ကြမ်းတမ်းစွာ ကစားခဲ့၍ ဒိုင်လူကြီးက ပြစ်ဒဏ်ဘောပေးခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို စီရိုနယ်ဒိုက ၂၅ကိုက်အကွာမှ ကန်သွင်းရာ မန်ယူတို့ ဒုတိယမြောက်ဂိုး ရရှိခဲ့သည်။

ယင်းနောက် မန်ယူတိုက်စစ်မှူးရွှန်နေ၊ ပေါလ်စခိုးနှင့် စီရိုနယ်ဒိုတို့အတွဲသည် ပို့စ်မောက် နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက် ကစားခဲ့ရာ ပို့စ်မောက်နောက်တန်းလူများ အလူးအလဲ ကာကွယ်ရင်းဖြင့် ပထမပိုင်းပွဲပြီးသွားခဲ့သည်။

ဒုတိယပိုင်းပြန်စချိန်တွင် မန်ယူတို့ ကစားကွက်အရှိန်မြှင့် ကစားခဲ့ရာ ပွဲချိန် ၆၆မိနစ်၌ ဗီဒစ်က မန်ယူအတွက် တတိယမြောက်ဂိုးကိုသွင်းယူနိုင်ခဲ့သည်။

**ထိန်းချုပ်ကစား**

ယင်းနောက်တွင် ပို့စ်မောက်တို့ ချေပဂိုး သွင်းယူရန် ကြိုးစားသော်လည်း မန်ယူနောက်တန်းကိုပင် ကျော်အောင် မကစားနိုင်ခဲ့ဘဲ ပွဲပြီးသည်အထိ မန်ယူတို့ ထိန်းချုပ်ကစားသွားနိုင်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုပွဲစဉ်(၁၁)အနိုင်ရခဲ့၍ တန်းစီဇယားထိပ်ဆုံးနေရာကို ဆက်လက်စိုးမိုးထားနိုင်ခဲ့သည်။

မန်ယူတို့ ပရီမီယာလိဂ်တွင် ပွဲစဉ်(၁၁)အပြီး ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် စုစုပေါင်း ရမှတ် ၂၈မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။

**လီဗာပူး-ရက်ဒင်း**

လီဗာပူးအသင်းသည် ရက်ဒင်းအသင်းကို ပထမပိုင်း၄၅မိနစ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရထားသည်။ယင်းဂိုးကို စတီဗင်ဂျရတ်က ဝဲဘက်ပယ်နယ်တီ ဧရိယာအစပ်မှ ဖြတ်တင်ပို့လိုက်သောဘောလုံးကို ဒတ်ကွတ်က မနားတမ်းညာခြေဖြင့်ကန်သွင်းယူခဲ့သည်။

လီဗာပူးအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းထားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် တစ်ဂိုးထပ်သွင်းနိုင်ခဲ့သည်။ ယင်းဂိုးကို ပွဲချိန် ၇၃မိနစ်တွင် ဒတ်ကွတ်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် ယခုပွဲအနိုင်ရမှုမှာ ပရီမီယာလိဂ်တွင် ငါးပွဲမြောက် အနိုင်ရမှုဖြစ်သည်။

**စပါးနှင့်ချယ်လ်ဆီး**

စပါးအသင်းနှင့်ချယ်လ်ဆီး၊ဝက်စ်ဟမ်းနှင့် အာဆင်နယ်တို့သည် ယနေ့ညပိုင်းတွင် ပရီမီယာလိဂ်ပွဲစဉ် (၁၁) အဖြစ် ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**မန်ယူအတွက် တတိယမြောက်ဂိုးကို ဂယ်ရီနဗီးလ် ဖြတ်ပို့သော ဘောလုံးမှ ဗီဒစ်က ဤသို့ လုလုပပ ခေါင်းတိုက် သွင်းယူခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)



**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| ဖူလ်ဟမ် | ၁-၀ | အဲဗာတန် |
| ဘော်လ်တန် | ၀-၁ | ဝီဂန် |
| ချာလ်တန် | ၁-၀ | မန်စီးတီး |
| လီဗာပူး | ၂-၀ | ရက်ဒင်း |
| ဝက်ဖို့ဒ် | ၂-၀ | မစ်ဒယ်ဘရော့။ |

(အင်တာနက်)



**အနိုင်ဂိုးသွင်းပြီး ဤသို့အောင်ပွဲခံ**

**လီဗာပူးအသင်းအတွက် နှစ်ဂိုးစလုံး သွင်းယူပေးခဲ့သော ဒတ်ကွတ် အနိုင်ဂိုးသွင်းပြီး ဤသို့ အောင်ပွဲခံခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

# လှူကထိန် သင်္ကန်းနဲ့ မင်္ဂလမ်းတဲ့ ဆုပန်ရှယ်

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

**"လှူကထိန် သင်္ကန်းနဲ့၊**
**မင်္ဂလမ်းတဲ့ ဆုပန်ရှယ်၊**
**သည်ချိန်ဆို ဝတ်မှုန်ကြဲလို့**
**ခဝဲရွှေညှာရင်းမှာ**
**သင်းရနံ့ကြွယ်။"**

စာဆိုတော် ဖိုးသူတော်ဦးမင်းသည် တန်ဆောင်တိုင်အခါ၌ ကထိန်လျာသင်္ကန်း ကပ်လှူကြကြောင်းကို လေးဆစ်သဖြန်ဖြင့် သရုပ်ဖော်ခဲ့ပါသည်။

တန်ဆောင်မုန်း လရာသီတွင် ယုဂန္ဓိုရ်တောင်ထွတ် အာကာတမွတ်၌ ကြတ္တိကာကြယ်သည် မြင်းတာရာနှင့် အခြားနက္ခတ်တာရာတို့နှင့်အတူ လင်းလက်တောက်ပကြသည်။

တန်ဆောင်မာသ ခါသမယကို သာရဒရာသီဟု ခေါ်ကြသည်။ သာရဒရာသီဟူသည်နှင့်အညီ ဤရာသီတွင် ထက်ကောင်းကင် အာကာခွင်၌ ကြည်လင်သန့်ရှင်းလှသည်။

တန်ဆောင်မုန်းလသည် မြန်မာလများ၏ ရှစ်လမြောက်ဖြစ်သည်။ ဤလတွင် ကထိန်အလှူပွဲတော်၊ မသိုးသင်္ကန်းရက်လှူပွဲ၊ ပုံသကူပစ်ပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်တို့ကို ကျင်းပကြသည်။

ကထိန်ဟူသည် သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ဆိုးခြင်း၊ ခင်းခြင်းစသော ကထိန်မှုနှင့် စပ်ဆိုင်သော အရာအားလုံးကို ခြုံငုံ၍သုံးစွဲသော ဝေါဟာရဖြစ်သည်။ ကထိန်သင်္ကန်း အလှူသည် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကြိမ်သာ အချိန်အခါနှင့် ပြုရသော ကာလဒါနဖြစ်သည်။ ကထိန်ပွဲတော်ကို ပုဂ္ဂလိက ကထိန်ပွဲ၊ ဘုံကထိန်ပွဲနှင့် ပစ္စည်းရှင် တစ်ဦးက မတည်ဦးစီး၍ လူအများစုက ဝိုင်းဝန်းကူညီ လှူဒါန်းသော ကထိန်ဟူ၍ ကျင်းပလေ့ရှိကြသည်။

သင်္ကန်းအပ်နှင်းမှု၊ ချုပ်ဆိုးမှုများ ညတွင်းချင်းပြီးစေ၍ အရုဏ်မတက်မီ လှူဒါန်းနိုင်သော သင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်သည်။ ပုံသကူပစ်ပွဲမှာ သင်္ကန်း စသည့် သုံးဆောင်အသုံးအဆောင် ပစ္စည်းများကို တိတ်တဆိတ် ပစ်ထား၍ လှူဒါန်းခြင်းဖြစ်သည်။ ပိတ်သားပေါ်တွင် ရွှေရောင်စက္ကူ ရွှေဝါရောင် ဖဲကြာပွင့်ကြီးများ ထိုးထားသည့် သင်္ကန်းများကို ကြာသင်္ကန်းဟု ခေါ်သည်။ ရှေးအခါက ဘုရားရှင်အား ကပ်လှူပြီး ယခုအခါ စေတီပုထိုးများနှင့် ဘုရားရုပ်တုများအား လှူဒါန်းကြသည်။ တန်ဆောင်တိုင် မီးထွန်းပွဲတော်သည် နက္ခတ်ပွဲသဘင် မီးထွန်းပွဲဖြစ်သည်။ အလွန်တရာ သာယာကြည်နူးဖွယ်ကောင်းသော တန်ဆောင်မုန်းလပြည့်ည လသာသာတွင် ဘုရင်အဇာတသတ်၏ ဇာတ်လမ်းကလည်း မှတ်တမ်းတစ်ခု ဖြစ်ခဲ့သည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား သတ်မိခဲ့သည့် ပိတုဃာတကကံ၊ ရှင်ဒေဝဒတ်က ဘုရားရှင်ကို ပရိနိဗ္ဗာန်ပြုစေရန်နှင့် သွေးစိမ်းတည်ရန် ပြုစေမှုတို့တွင် အားပေးကူညီခဲ့သည့် မကောင်းမှုကံတို့ကြောင့် နေ့တိုင်းလိုလိုပင် စိတ်မချမ်းမသာဖြစ်ရသည့်အပြင် အိပ်မပျော်သည့် ပြင်းထန်ကြမ်းတမ်းသော ရောဂါဝေဒနာ စွဲကပ်ခဲ့သည်။ အိပ်ပျော်လုနီးအချိန်သို့ ရောက်လေတိုင်း မျက်လုံးများကို လှံပေါင်းများစွာဖြင့် ထိုးဆွခြင်းခံရသကဲ့သို့ ခံစားရပြီး အိပ်ရာမှ ထိတ်လန့်တုန်လှုပ်စွာ နိုးခဲ့ရသည်။ အဇာတသတ်မင်းသည် ဝေဒနာပျောက်ကင်းစေရန် သမားတော်ကြီး ဇီဝကအား ကုစားစေသော်လည်း ကုစား၍ မရခဲ့ပေ။ တစ်ဖန် စိတ်သက်သာမှု ရှိစေရန်အတွက် အမတ်ကြီးများ၏ အကြံပေးလျှောက်တင်ချက်အရ ထိုအချိန်က ထင်ရှားသော တိတ္ထိ ဆရာကြီးခြောက်ယောက်ထံ ချဉ်းကပ်သော်လည်း စိတ်သက်သာခွင့် မရရှိဘဲ စိတ်နှလုံးမချမ်းမသာစွာ ပြန်လာခဲ့ရသည်။

အဇာတသတ်မင်းသည် မွေ့လျော်ဖွယ်ကောင်း၍ လှပတင့်တယ်ရှုကြည့်ချင်စဖွယ် ကြည်လင်ရွှန်းပနေသော တန်ဆောင်မုန်းလပြည့်နေ့၌ မြတ်စွာဘုရားထံ ချဉ်းကပ်လိုသဖြင့် တန်ဆောင်မုန်းလပြည့်ည၏ သာယာလှပတင့်တယ်ပုံများကို ချီးမွမ်းစကား ပြောကြားခဲ့သည်။ ဆိတ်ဆိတ်နေသော သမားတော်ကြီး ဇီဝကအား သင့်မှာကိုးကွယ်အားထားရာ ဆရာမရှိလေသလားဟု မေးမြန်းသည်။ ဆရာဇီဝကသည် မြတ်စွာဘုရားရှင်ရှိရာ အရပ်သို့ လက်အုပ်ချီမိုး ရှိခိုးလျက် မိမိကိုးကွယ် ဆည်းကပ်သော မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ရွတ်ပွားကျူးရင့်ကာ အဇာတသတ်မင်းအား မြတ်စွာဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်ရန် တိုက်တွန်းလေသည်။

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီး သမားတော်ကြီးဇီဝက၏ အစီအစဉ်ဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဆရာဇီဝက၏ သရက်ဥယျာဉ်ကျောင်းတော်သို့ ကြီးကျယ်လှသည့် မင်းခမ်းမင်းနားဖြင့် ထွက်တော်မူလာခဲ့၏။ မြတ်စွာဘုရား သီတင်းသုံးတော်မူရာသို့ ရောက်ရှိသည့်အခါ မြတ်စွာဘုရားကိုရှိခိုး၍ ရဟန်းသံဃာတို့ကို လက်အုပ်ချီပြီး နေရာတစ်ခုတွင် ထိုင်ကာ မြတ်စွာဘုရားအား ပြဿနာတစ်ခုကို မေးလျှောက်ရန် ခွင့်ပန်၏။ မြတ်စွာဘုရားထံမှ ခွင့်ပြုချက်ရရှိလျှင် အဇာတသတ်မင်းက "မြတ်စွာဘုရား ဤလောကမှာ အသက်မွေးဝမ်းကျောင်း အတတ်ပညာအမျိုးမျိုးကို တတ်ကြသောသူတို့သည် ယခုဘဝမှာပင် မိမိတို့တတ်ထားသည့် အတတ်ပညာဖြင့် ကြိုးစားအားထုတ်၍ စီးပွားချမ်းသာကို ရရှိခံစားကြရသကဲ့သို့ ယခုဘဝမှာပင် ကိုယ်တိုင်သိမြင်သည့် ရဟန်းအဖြစ် အကျိုးပြုခြင်းငှာ တတ်နိုင်ပါမည်လား"ဟူ၍ လျှောက်ထားသည်။ မြတ်စွာဘုရားရှင်သည် အမေးပြဿနာကို ဖြေကြားသည့်အနေဖြင့် အဇာတသတ်မင်းကြီးအား သာမညဖလ (ရဟန်းပြုခြင်းအကျိုး)ကို ဟောတော်မူသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် ရဟန်းဖြစ်ခြင်း၏ အကျိုးများမှာ–

- မင်းခစား မင်းမှုထမ်းသည် ရဟန်းပြုပြီး သာသနာ့တာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်နေပါမူ မင်းပြစ်မင်းဒဏ်မှ ကင်းလွတ်ပြီး မင်းနှင့်တကွသော လူအပေါင်းတို့၏ ပူဇော်မှုကို ခံယူကာ ပစ္စည်းလေးပါးတို့ကိုလည်း ခံယူသုံးဆောင်နိုင်ခြင်း အကျိုး။
- အခွန်ထမ်းဆောင်မှု ကင်းလွတ်ခြင်းအကျိုး။
- ပါတိမောက္ခသံဝရသီလ (စာရိတ္တသီလနှင့် ဝါရိတ္တသီလ)နှင့် ပြည့်စုံခြင်းအကျိုး။
- ဒုစရိုက်ကို ရှောင်သဖြင့် ဒုစရိုက်ဒုက္ခမှ ကင်းလွတ်ပြီး စူဠသီလနှင့် ပြည့်စုံခြင်းအကျိုး။
- ပွဲသဘင် အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသောစကား အမျိုးမျိုးတို့မှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်၍ မဇ္ဈိမသီလနှင့် ပြည့်စုံခြင်းအကျိုး။
- နက္ခတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာ၊ ဆေးကုခြင်းတို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိ သုဒ္ဓိသီလ (အသက်မွေးမှု စင်ကြယ်ခြင်းသီလ)နှင့် ညီညွတ်ပြီး မဟာသီလနှင့် ပြည့်စုံခြင်း အကျိုး။
- ဣန္ဒြေခြောက်ပါးတို့၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း အကျိုး။
- သွားလာလှုပ်ရှား လုပ်ကိုင်ခြင်းအစရှိသည့် အလုပ်ကိစ္စဟူသမျှတို့၌ သတိရှိလျက် ဉာဏ်ဖြင့်ပိုင်းခြား၍ သိရခြင်းဟူသော သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်းအကျိုး။
- ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲတင်းတိမ်နိုင်သည့် သန္တောသနှင့် ပြည့်စုံခြင်းအကျိုး။
- နိဝရဏငါးပါးတို့မှ ကင်းသဖြင့် နှစ်သက်ဝမ်းမြောက်မှုပီတိ၊ ငြိမ်းအေးမှု ပဿဒ္ဓိတို့ ခြံရံအပ်သည့် ကိုယ်၊စိတ် နှစ်ဖြာ ချမ်းသာမှုရှိ၍ သမာဓိအလွန်တည်ငြိမ်ခြင်း အကျိုး။
- ပထမဈာန်၊ ဒုတိယဈာန်အစရှိသည့် ဈာန်တရားတို့ကို ရနိုင်ခြင်း အကျိုး။
- ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံ၍ မဂ်ဖိုလ်ရခြင်းအကျိုးတို့ ဖြစ်သည်။ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား ဟောကြားတော်မူသော သာမညဖလသုတ္တန်ဒေသနာကို ကြားနာရသည့်အဆုံးတွင် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ ရောက်ရှိသွားသည်။ ယင်းသည့်နောက် အဇာတသတ်မင်းကြီးသည် မိမိကျူးလွန်ခဲ့မိသော အပြစ်ကို ဝန်ချတောင်းပန်သည်။ အဇာတသတ်မင်းသည် မြတ်စွာဘုရားရှင် ဟောတော်မူသည့် တရားတော်ကို အလွန်နှစ်သက်စွာ ခံယူ၍ မြတ်စွာဘုရားကို ရှိခိုးအရိုအသေပြုကာ ဖယ်ခွာသွားခဲ့သည်။ အဇာတသတ်မင်း ပြန်သွား၍ မကြာမီပင် မြတ်စွာဘုရားက ရဟန်းတို့ကို "ရဟန်းတို့– ဤမင်းသည် တရားစောင့်၍ တရားသဖြင့် မင်းပြုသည့် ခမည်းတော်ကို မသတ်မိပါမူ ဤနေရာတွင်ပင် သောတာပတ္တိ မဂ်ဉာဏ် ပေါ်နိုင်သည်"ဟူ၍ မိန့်တော်မူသည်။

အဇာတသတ်မင်းသည် သာမညဖလဒေသနာတော်ကို ကြားနာရသည့်အဆုံးတွင် သောတာပန်ပုဂ္ဂိုလ်အဖြစ်သို့ ဖြစ်ထိုက်ပါသော်လည်း ပိတုဃာတက ကံကြောင့် အရိယာမဂ်နှင့် လွဲခဲ့ရသည်။

ဤသို့အားဖြင့် မိမိတို့အတွက် ဦးထိပ်ထားသည့် ရတနာသုံးပါးနှင့် မိဘဆိုးဘွားဆရာသမား၊ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားသည့် ပုဂ္ဂိုလ်များ၊ အသက်အရွယ်ကြီးမားသည့် ပုဂ္ဂိုလ်များကို ကာယကံမြောက်၊ ဝစီကံမြောက် မကျူးလွန် မပြစ်မှားမိကြစေရန် ရှောင်ကြဉ်ကြရပါမည်။ မပြစ်မှားထိုက်သည့် ပုဂ္ဂိုလ်များကို ပြစ်မှားမိပါက အောက်ဖော်ပြပါ ဒဏ် ၁၀ပါးသင့်တတ်ကြောင်းကို ဓမ္မပဒပါဠိတော်များတွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ပါသည်။

- **ပြင်းထန်ကြမ်းတမ်းသော ဝေဒနာစွဲကပ်ခြင်း၊**
- **ဥစ္စာပစ္စည်း ကုန်ခန်းဆုံးရှုံးခြင်း၊**
- **ကိုယ်အင်္ဂါပျက်စီးရခြင်း၊**
- **ကြီးမားသောအနာမျိုး ဖြစ်ပွားခြင်း၊**
- **စိတ်ဓာတ်မမှန် သိဉာဏ်ကွာကင်း ရူးသွပ်ရခြင်း၊**
- **မင်းပြစ်မင်းဒဏ်ခံရခြင်း၊**
- **မဟုတ်မတရားကြီးမားသော စွပ်စွဲခြင်းခံရခြင်း၊**
- **မှီခိုလောက်သော ဆွေမျိုးတို့ ဥစ္စာကုန်ခန်းပျက်စီးရခြင်း၊**
- **သိမ်းဆည်းထားသော သက်ရှိသက်မဲ့ ပစ္စည်းများ ပျက်စီးခြင်း၊**
- **နေရာ၊ အိမ်တို့ကို မီးလောင်ခံရခြင်း**

တို့ဖြစ်သည်။

ယခု ပစ္စက္ခဘဝတွင်ပင် ယင်းဒဏ် ၁၀ပါးတို့တွင် တစ်ပါးပါးကို ခံရတတ်ပေသည်။

အဇာတသတ်မင်းသည် မြတ်စွာဘုရားထံတော်မှ သာမညဖလဒေသနာကို ကြားနာလိုက်သည့်အခါတွင် အိပ်မပျော်သည့် ရောဂါဝေဒနာ ငြိမ်းအေးသွားခြင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်၌ အသက်ပေး၍ ကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့ မကျရောက်တော့ဘဲ လောဟကုမ္ဘီငရဲလောက်သာကျရောက်ခြင်း၊ နောင်အခါ ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည့် ပုဂ္ဂိုလ်ဖြစ်ခြင်း ဆိုသည့် အကျိုးတရားများကို ရရှိခံစားရသည်။

မြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်အခါတွင် အဇာတသတ်မင်းသားအား သာမညဖလဒေသနာတော်ကို ဟောကြားတော်မူခြင်းကို အကြောင်းပြုပြီး **"သာမညဖလ အခါတော်နေ့"**ဟူ၍ ဖြစ်ပေါ်လာသည်။

တန်ဆောင်မုန်းလတွင် ထင်ရှားသော ပွဲတော်တစ်ခုမှာ တန်ဆောင်တိုင် မီးထွန်းပွဲတော်ဖြစ်သည်။ ရှေးမင်းများလက်ထက်မှ ယနေ့အထိ ကြီးကျယ်စွာ ခမ်းနားကျင်းပ ဆင်နွှဲလျက်ရှိပါသည်။

ထိုပွဲကို နက္ခတ်ပွဲသဘင်ဟု ခေါ်ကြပါသည်။ ထို့ပြင် ပဏ္ဏာသနိပါတ်လာ ဥမ္မဒန္တီဇာတ်တွင် တန်ဆောင်တိုင် နက္ခတ်ပွဲသဘင်အတွင်း သိဝိမင်းကြီး လှည့်လည်သည်ကို ထောက်ရှုလျှင် မြတ်စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်းများစွာကပင် ထိုပွဲတော်သည် တည်ရှိခဲ့ပြီးကြောင်း သိရှိနိုင်ပါသည်။ ထိုပွဲသဘင်သည် ကြတ္တိကာနက္ခတ်ကို ပူဇော်သော လဖြစ်ပါသည်။

တန်ဆောင်မုန်းလ၌ ဘာသာရေးအထိမ်းအမှတ်အဖြစ် ထင်ရှားသည်မှာ ကထိန်ခင်းခြင်းဖြစ်သည်။ ကထိန်သည် ပါဠိဘာသာ **"ကထိန"**မှ ဆင်းသက်၍ မြဲမြံခိုင်ခံ့ခြင်းဟု အဓိပ္ပာယ်ရသည်။ ကထိန်ခင်းရာတွင် လှူသည့်သင်္ကန်းကို ကထိန်သင်္ကန်းဟု ခေါ်ဆိုကြသည်။ ကထိန်ခင်းရခြင်း အကြောင်းမှာ မြတ်စွာဘုရားလက်ထက်က ရဟန်းတစ်ပါးလျှင် ခါးဝတ်သင်းပိုင်၊ ကိုယ်ဝတ်ဧကသီနှင့် ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီးဟူ၍ စုစုပေါင်းသင်္ကန်းသုံးထည်သာ ထားခွင့်ရှိသည်။ ပါဝေယျတိုင်းမှ ရဟန်းတို့သည် မြတ်စွာဘုရားအား ဖူးမြော်ရန်လာစဉ် လမ်းတွင် ဝါဆိုနေကြရသည်။ ဝါကျွတ်၍ ဘုရားရှင်ထံရောက်လာသောအခါ သင်္ကန်းသုံးထည်သာရှိသဖြင့် လမ်းတွင် မိုးမိကာ စွတ်စွတ်စိုစိုဖြင့် ရောက်လာကြသည်။ ထိုပါဝေယျတိုင်းသားရဟန်းတို့၏ ပင်ပန်းဆင်းရဲမှုကို အကြောင်းပြု၍ ဘုရားရှင်က ကထိန်ခင်းလှူခြင်းကို ခွင့်ပြုတော်မူခဲ့ပါသည်။

ရှေးခေတ် မြန်မာဘုရင်များ လက်ထက်ကပင် နေပြည်တော်တွင် ကထိန်ပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

တန်ဆောင်မုန်းလသည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သာယာအေးချမ်းသော လဖြစ်သည်နှင့်အညီ အများပြည်သူတို့အတွက် ပျော်ပွဲရွှင်ပွဲ မီးပွဲသဘင်များ ဆင်ယင်ကျင်းပချိန်ဖြစ်သည်။ ဘာသာရေးအရလည်း မသိုးသင်္ကန်းရက်ပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲများ ပြုလုပ်သည့်အချိန်ဖြစ်သည်။ စာသင်ကျောင်းများ၊ ဈေးများ၊ ရုံးအဖွဲ့အစည်းများကခင်းသည့် ကထိန်များဆိုလျှင် သင်္ကန်းတစ်မျိုးတည်းမဟုတ်တော့ပေ။ ပဒေသာပင်များသီးကာ လှူဖွယ်ဝတ္ထုအစုစုဖြင့် ဘုန်းတော်ကြီးကျောင်းများသို့ ပေးပို့လှူဒါန်းကြသည်။ ယင်းတို့သည် မြန်မာတို့၏ အလှူရေစက် လက်နှင့်မကွာနေလိုသော စေတနာဆန္ဒကို ဖော်ပြပေသည်။ ထိုစေတနာဆန္ဒကြောင့်လည်း မြန်မာတို့သည် ယဉ်ကျေးသိမ်မွေ့သူများ၊ ဘာသာတရားကို လေးစားကိုင်းရှိုင်းတတ်သူများအဖြစ် ကမ္ဘာ့အလယ်တွင် ထင်ရှားစွာ ရပ်တည်နေနိုင်ခြင်းဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။



နှစ်ဖက်သောမိဘများနှင့် သား မောင်ဇော်သန့် တို့အား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် တိုက်(၂၀၆)အခန်း(၃၀၁)နေ ဦးအောင်သန်း-ဒေါ်စိန်ကြည်၊ သား သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## တရားစခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် မာဃလမ်း မာဃဓမ္မာရုံတော်ကြီးတွင် မူလသစ္စာ ဒီပက ဝိပဿနာ အဖွဲ့ချုပ်၏(၆၄)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ ဓမ္မကထိက ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ၊ ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေနှင့် ဦးခင်မောင်လွင်တို့က ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ နိုဝင်ဘာ ၁၀ ရက် ညနေ ၄နာရီ အရောက်လာကြရမည်ဖြစ်ပြီး အာရုဏ်ဆွမ်း နေ့ဆွမ်းလှူဒါန်းလိုသူများ တရားဝင်လိုသူများ ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၅၇၇၄၉၄၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင် ဖုန်း-၅၇၂၄၈၆၊ စာရင်းစစ် ဦးစိန်ဝင်း ဖုန်း-၇၂၅၂၅၉ နှင့် အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၉-၉၉-၂၇၃၈၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများ အမှူးထား၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပုသိမ်လမ်း အမှတ်(၂၉) ၅ လွှာနေ ဦးလှိုင်တင့်-ဒေါ်ကြည်ကြည်ခိုင်၊ သမီး မလှိုင်ဝတ်ရည်ခိုင်၊ မနှင်းရည်လှိုင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် အမှူးဆောင်ဆရာတော်အရှင်ဝိနယ(ဝံသမေဒိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## အလုပ်သမားဆေးရုံ ဆေးရုံအုပ်ကြီး ဦးဆောင်သော ဆရာဝန်ကြီးများ သတင်းစာတိုက်ဝန်ထမ်းများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးပေး

**ရန်ကုန် နိုဝင်ဘာ ၄**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏လမ်းညွှန်မှုဖြင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌက ကြီးကြပ်၍ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)မှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုကို နိုဝင်ဘာ၂ရက် နံနက် ၈ နာရီခွဲက ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားရောက်ပြီး ဝန်ထမ်းများအား ကျန်းမာရေးနှင့်ပတ်သက်၍ ကြည့်ရှုစမ်းသပ် စစ်ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြသည်။

အဆိုပါ ကြည့်ရှုစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရာတွင် အလုပ်သမားဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်လင်း ဦးဆောင်၍ လက်ထောက်ဆေးရုံအုပ် ဒေါက်တာဒေါ်ခင်ဖြူဝင်း၊ အထွေထွေရောဂါအထူးကုသမားတော် ဒေါက်တာသူဇာသင်း၊ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာဦးကျော်မင်းညွန့်၊ သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာ ဒေါ်မြတ်ချစ်ဆွေ၊ အရိုး/အကြောအထူးကုဆရာဝန် ဒေါက်တာဦးခင်မောင်လေး၊ နား/နှာခေါင်း/လည်ချောင်း အထူးကုဆရာဝန် ဒေါက်တာဦးခင်မောင်တင်၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာဦးစိုးဝင်းငွေ၊ သွားနှင့်ခံတွင်း ဆရာဝန် ဒေါက်တာဦးကျော်စိုးမိုး၊ ဆရာဝန် ဆရာမအင်အား ၃၃ ဦးနှင့် လူမှုဖူလုံရေးအဖွဲ့ ရုံးခွဲ(၄)မှ တာဝန်ခံ ဒေါ်ခိုင်စိုးအေးနှင့် စစ်ဆေးရေးမှူး ဒေါ်နွယ်နွယ်တို့ လိုက်ပါ၍ ဝန်ထမ်းစုစုပေါင်း ၁၂၂ဦးတို့အား အခမဲ့ တိုက်ရိုက်ကြည့်ရှု စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ဝန်ထမ်းအင်အား ၉၀ တို့အား မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၅ ရက်က ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မြေစာရင်းဦးစီးဌာနတွင် ကျင်းပရာ ဝန်ထမ်းများက ဆရာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

## ပလင်းတန်ဖို့ ပြီးဖို့ စာအုပ်စာပေလေ့လာစို့

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အမှတ်(၉)ရပ်ကွက်တို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က အဆိုပါ ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၈)၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## မိုးစပါးစိုက်ခင်း ဓာတ်မြေသြဇာကြဲပက် တမန်းနှိုးပေါင်းလိုက်ပွဲ တာချီလိတ်၌ ကျင်းပ

**တာချီလိတ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် မိုးစပါးစိုက်ခင်း စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲနှင့် တမန်းနှိုးပေါင်းလိုက်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ဖန်မင်ကျေးရွာအုပ်စု ပါဝှန်းကွင်း ကွင်းအမှတ်(၁၇)၊ ဦးပိုင်အမှတ် (၄၀) ဦးနွဲ့ကျန်၏ လယ်မြေဧက ၅ ဒသမ ၂၁ ဧက တွင် ကျင်းပသည်။

**ရှင်းလင်း**

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမြအောင်က ဓာတ်မြေသြဇာကြဲပက်ခြင်းနှင့် အကျိုးဖြစ်ထွန်းစေမည့်အခြေအနေများ၊ ဓာတ်မြေသြဇာနှင့် ကျောက်မှုန့်များ အချိုးကျရောစပ်နည်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

**အားပေး**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် အဖွဲ့ဝင်များက ဓာတ်မြေသြဇာကြဲပက်ခြင်းနှင့် တမန်းနှိုးပေါင်းလိုက်ခြင်းတို့ကို ကွင်းဆင်းကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**




သက်တမ်းရှည်ကြာ သက်ရှိရတနာ ပင်လယ်လိပ်မျိုးထိန်းသိမ်းပါ




ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးနှစ် (၂၀၀၆) ခုနှစ်

Year of the Turtle 2006

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန




ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျိုက္ကဆံရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## မြစ်ကြီးနားမြို့၌ ကတ္တရာထပ်ပိုးလွှာခင်း

**မြစ်ကြီးနား အောက်တိုဘာ ၂၀**

မြစ်ကြီးနားမြို့ သခင်နက်ဖေလမ်း အရှည်ပေ ၅၅၀၀၊ အကျယ် ၁၈ပေ ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အောက်တိုဘာ ၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်းနှင့် အဖွဲ့ဝင်ထမ်းများ ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အင်ဂျင်နီယာမှူးတို့က လုပ်ငန်းဆောင်ရွက်မှု လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**



# အာဆီယံနှင့်တရုတ် ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်တိုးတက်လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ တိုးတက်လာမည်မျှော်မှန်း ကဏ္ဍအလိုက်ဆောင်ရွက်မှု ပိုမိုခိုင်မာစေခြင်းဖြင့် အလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

နေပြည်တော် နိုဝင်ဘာ ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာ ၃၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ The People's Hall of Guangxi ၌ ကျင်းပသည့် တတိယအကြိမ် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

__တက်ရောက်__

တတိယအကြိမ် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁ နာရီမိနစ် ၂၀ တွင် စတင်ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာဂါပါဂဲလ် အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီး စုရာယုဒ်ချူလာနွန်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဖွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်

**စာမျက်နှာ ၃ ကော်လံ ၁** ■

## နေပြည်တော် မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် နိုဝင်ဘာ ၅ ရက်(ယနေ့) ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**





# မြန်မာ–ထိုင်းနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် နှစ်နိုင်ငံပြည်သူများ လူမှုစီးပွားရေးဘဝတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည်

# မြန်မာနိုင်ငံသည် နိုင်ငံတကာကို အန္တရာယ်ပေးမည့်နိုင်ငံမဟုတ် မိမိတို့ပြည်တွင်းရေးကို မိမိတို့ဘာသာဖြေရှင်းရမည်ဟုခံယူ

နေပြည်တော် နိုဝင်ဘာ ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ထိုင်းနိုင်ငံဝန်ကြီးချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီး စုရာယုဒ်ချူလာနွန်သည် အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီမိနစ် ၂၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာအမှတ်(၈)သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။**

__တက်ရောက်__

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေးတို့တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီး စုရာယုဒ်ချူလာနွန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာနစ်(တ်)ယာဖိဘူး(လ်)စွန်ခရမ်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ပြောကြားရာတွင် မြန်မာ–ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသမိုင်းကြောင်း အစဉ်အလာကောင်းမွန်ပြီးဖြစ်သည်နှင့်အညီ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

**စာမျက်နှာ ၄ ကော်လံ ၁** ❑



## မိန့်ခွန်းပြောကြား

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တတိယအကြိမ် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီး စုရာယုဒ်ချူလာနွန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)